# ကြေးမုံ
# The Mirror

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့၊ (30-12-2007) (၅၅၄၇)


## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ အသက်ပေးကာကွယ်

ယနေ့အခါ၌ ရရှိပြီးသော လွတ်လပ်ရေးကို ပြန်လည်မဆုံးရှုံးအောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရာတွင် တိုင်းရင်းသားပြည်သူအားလုံး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်တို့ ပိုမိုထွန်းကားပြန့်ပွား၍ အမိနိုင်ငံတော်ကြီး၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အသက်ပေးကာကွယ်သည့် စိတ်ဓာတ်တို့ရှိနေရေးသည် အရေးအကြီးဆုံး မွေးရာပါ အမျိုးသားရေးတာဝန်ကြီးဖြစ်ကြောင်း ရင်ဝယ်ပိုက်၍ အစဉ် သတိပြု နှလုံးသွင်းထားကြရမည်ဖြစ်သည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**

(၅၂)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာမှ-

## တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ၅၀၀ ကေဗွီအေ စပါးခွံလောင်စာနှင့် ဒီဇယ်သုံးဓာတ်အားပေးစက်နှစ်လုံး ဖွင့်ပွဲတက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂၉

**ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲခရိုင် တောင်ကုတ်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရုံးဝင်းအတွင်း တည်ဆောက်ထားသည့် ၅၀၀ ကေဗွီအေရှိ မြန်မာနိုင်ငံတွင် အကြီးဆုံးစပါးခွံလောင်စာနှင့် ဒီဇယ်သုံး လျှပ်စစ်ဓာတ်အားပေးစက်နှစ်လုံး ဖွင့်လှစ်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။**

ရှေးဦးစွာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်က အမှာစကားပြောကြားသည်။

ထို့နောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အမှာစကားပြောကြားရာတွင် လျှပ်စစ်စွမ်းအားသည် **စာမျက်နှာ ၂ ကော်လံ ၃ သို့** ✳

**ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့ တောင်ကုတ်မြို့နယ်တွင် ၅၀၀ ကေဗွီအေရှိ မြန်မာနိုင်ငံတွင် အကြီးဆုံးစပါးခွံလောင်စာနှင့် ဒီဇယ်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## ကြေးမုံ The Mirror နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို


❖ **၂၀၀၇ ခုနှစ် နိုင်ငံတစ်ဝန်း ကျန်းမာရေးကဏ္ဍ အောင်မြင်တိုးတက်မှုမှတ်တမ်း** စာမျက်နှာ – ၇

“မြန်မာတို့ ရရှိတည်တံ့ပြီးဖြစ်သော လွတ်လပ်ရေး၊ မြန်မာတို့ သွေးစည်းတည်ဆောက်ခဲ့သော ပြည်ထောင်စုနှင့် သမိုင်းပြောင်ခဲ့သော တစ်မြေပေါ်အတူဖွား၊ သွေးသားရင်းချာ တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုတို့ အစဉ်ထာဝရ တည်မြဲနေစေရေးသည် မြန်မာတို့၏ အမျိုးသားရေးတာဝန်သုံးရပ်(ဝါ) သမိုင်းပေးတာဝန်သုံးရပ်ပင်ဖြစ်သည်။”

❖ တက္ကသိုလ်မြတ်သူ၏ **“မြန်မာ့လွတ်လပ်ရေးနှင့် မြန်မာတို့၏ သမိုင်းပေးတာဝန်”** (ဆောင်းပါး) စာမျက်နှာ–၈၊ ၉

❖ ဇော်မင်းမင်းဦး၏ **“မြန်မာဟူသည် နွယ်သာကီ”** (ကဗျာ) စာမျက်နှာ – ၉

❖ တင်ဝင်း(အင်းစိန်)၏ **“မျိုးနဲ့ရိုးနဲ့ပါလားဗျာ”** (ကာတွန်း) စာမျက်နှာ – ၉


## ကြေးမုံ The Mirror ယနေ့ သတင်းအညွှန်း


စီးပွားရေးဒဏ်ခတ်မှုမှန်သမျှ လက်မခံ အမေရိကန်ကို ဘီလာရုစ် သတိပေး စာမျက်နှာ–၄

မြန်မာ့ရုပ်ရှင်လောက နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရန် ရည်ရွယ် စာမျက်နှာ–၁၁

ထူးခြားဖြစ်စဉ် သတင်းများ စာမျက်နှာ–၁၂


**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၃၀-၁၂-၂၀၀၇
(တနင်္ဂနွေနေ့)

# သမားဇာနည်အောင်စစ်သည်များဖြစ်ရေး ကြိုးပမ်း ဆေးဝန်ထမ်းတပ်ဖွဲ့၏ ရည်မှန်းချက်များ ဖော်ဆောင်

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၉) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ဒီဇင်ဘာလ ၂၈ ရက်နေ့က ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်မိန့်ခွန်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းပြောကြားရာတွင်–

**"ရဲဘော်တို့ဟာ စွမ်းရည်သုံးရပ်နဲ့ပြည့်စုံတဲ့နည်းတူ ဆေးပညာဆိုင်ရာ ထူးချွန်မှုရှိမှုလည်း တပ်မတော်ဆေးတက္ကသိုလ်ရဲ့ ရည်ရွယ်ချက်အတိုင်း ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက် ထိန်းသိမ်းမည့် အမျိုးသားတပ်မတော်အတွက် လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသော ဆေးဘက်ဆိုင်ရာ တပ်မတော်အရာရှိကောင်းများအဖြစ် ရပ်တည်နိုင်ကြမှာ ဖြစ်တယ်။ ဒါကြောင့် သမားဇာနည်အောင်စစ်သည်များ ဖြစ်အောင် မဆုတ်မနစ်သော ဇွဲလုံ့လနဲ့ ဆက်လက်ကြိုးပမ်းကြဖို့ လိုတယ်"**ဟူ၍ မှာကြားသည်။

တပ်မတော်ဆေးတက္ကသိုလ်သည် အမျိုးသားတပ်မတော်အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော ဆေးဘက်ဆိုင်ရာ တပ်မတော်အရာရှိကောင်းများကို မွေးထုတ်ပေးလျက်ရှိသည်။ သင်တန်းဆင်းအရာရှိများသည် တပ်မတော်သား ဆေးဝန်ထမ်းများ ဖြစ်ကြသည်နှင့်အညီ တပ်မတော်သားတိုင်း **ကျန်းမာ၊ ကြံ့ခိုင်၊ တိုက်နိုင်ရေး**အတွက် စေတနာ၊ အကြင်နာ အပြည့်အဝထား၍ ကျန်းမာရေးစောင့်ရှောက်မှု ပေးကြရမည်ဖြစ်သည်။

ထို့အပြင် တပ်မတော်ဆေးတက္ကသိုလ် သင်တန်းဆင်း အရာရှိများသည် ဆေးပညာရပ်များကိုသာမက ခြေလျင်တပ်စုမှူးအဆင့် စစ်ပညာနှင့် စစ်ဘက်ခေါင်းဆောင်မှု ဘာသာရပ်များကို လေ့ကျင့်သင်ကြားခဲ့ပြီးဖြစ်ရာ နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ရဲဝံ့စွန့်စား ထမ်းဆောင်နိုင်ကြရမည် ဖြစ်သည်။ မိမိတို့ကိုယ်တိုင်ခေါင်းဆောင်မှု အရည်အသွေးများ ပြည့်စုံစေရေး ဖြည့်ဆည်းကြရန်နှင့် လက်အောက်ခံ တပ်ဖွဲ့ဝင်များကိုလည်း စိတ်ဓာတ်ကောင်း၊ စည်းကမ်းကောင်း စွမ်းရည်ရှိရေး တည်ဆောက်နေကြရမည် ဖြစ်သည်။

လူ့ဘောင်ဘဝ၏ အဓိကလိုအပ်ချက်မှာ အသက်ရှည်ကျန်းမာရောဂါဘယ ကင်းရှင်းရေးဖြစ်ရာ တပ်မတော်ဆေးတက္ကသိုလ် သင်တန်းဆင်းအရာရှိများအနေဖြင့် **သမားဇာနည် အောင်စစ်သည်**များ ပီပီ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ကြိုးပမ်းရင်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး စီမံကိန်းလုပ်ငန်းများတွင် ပါဝင်စွမ်းဆောင်သွားနိုင်ကြမည်ဟု ယုံကြည်ပါသည်။ ။

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ဧက၌ သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဘိုးဘွားမိဘများကို အမှူးထား၍ ကွယ်လွန်သွားသောဖခင် ဦးမောင်လှ၊ သမီးကြီး ဒေါ်ခင်မာကြည် (အထပြ) အထက(၂)လသာ ခင်ခင်ကျော် (ပညာရေး)တို့အားရည်စူး၍ ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော် B/9 လမ်းနေ ကျန်ရစ်သူ မိခင်ကြီး ဒေါ်တင်ဥနှင့် သား၊ သမီး၊ မြေးတစ်စုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် (ညောင်ခါးရှည်) အရှင်သုန္ဒရ (ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (ကြေးမုံ)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

✻ **ရှေ့ဖုံးမှ**

ဒေသနယ်ပယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျသည့် မောင်းနှင်အားဖြစ်ကြောင်း၊ ယခုဖွင့်လှစ်ပေးသည့် နိုင်ငံတော်တွင် အကြီးဆုံးဖြစ်သော ၅၀၀ ကေဗွီအေ စပါးခွံလောင်စာနှင့် ဒီဇယ်သုံးဓာတ်အားပေးစက်နှစ်လုံးတို့၏ လျှပ်စစ်စွမ်းအားဖြင့် အလင်းဆောင်ပေးလိုက်ပြီဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် လျှပ်စစ်မီးပြည့်ဝစွာ ရရှိစေရေးအတွက် မီးလင်းရေးလုပ်ငန်းများကို ဒေသအလိုက် တက်ညီလက်ညီ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ တောင်ကုတ်မြို့နယ် မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကျောက်တောင်က လျှပ်စစ်မီးလင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုကို ရှင်းလင်းတင်ပြပြီး မြို့မိမြို့ဖ ဦးသန်းဝေက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့က ဖွင့်ပွဲ မှတ်တိုင်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ၅၀၀ ကေဗွီအေ စပါးခွံလောင်စာနှင့်ဒီဇယ်သုံးဓာတ်အားပေးစက်နှစ်လုံးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စက်ရုံအတွင်း လှည့်လည်၍ အင်ဂျင်စက်များ အခြေအနေ၊ စပါးခွံလောင်စာဘွိုင်လာအိုးများအခြေအနေနှင့် အင်ဂျင်စက်များ လှည့်ပတ်ဓာတ်အား ထုတ်လုပ်ပေးနေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် မြန်မာတီထွင်သူများ သမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ ဦးစိုးတင့်အောင်တို့က ၅၀၀ ကေဗွီအေမီးစက်ကြီးနှစ်လုံး၏ စက်စွမ်းအားနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မှုအခြေအနေများနှင့်စပ်လျဉ်း၍ လိုက်လံရှင်းလင်းပြသကြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## နိဗ္ဗာန်အထက(ခွဲ) မြတ်ဆရာပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ဟင်္သာတမြို့နယ် နိဗ္ဗာန်ကျေးရွာအုပ်စု အထက(ခွဲ)၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၅ ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက်တက်ရောက်ကြရန်နှင့် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ ကြွရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

# ဝန်ကြီးဦးဉာဏ်ဝင်း ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်းအတွက် ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး

**ရန်ကုန် ဒီဇင်ဘာ ၂၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းသည် ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်း သံတမန်ရပ်ကွက် အမှတ် အေ-၄ ရှိ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံသံရုံးသို့ သွားရောက်၍ ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၇ရက်တွင် ကွယ်လွန်သွားသော ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း Mohtarma Benazir Bhutto အတွက် ဖွင့်လှစ်ထားသော ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။ (သတင်းစဉ်)

**လက်မှတ်ရေးထိုး**

**နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း Mohtarma Benazir Bhutto အတွက် ဖွင့်လှစ်ထားသော ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးစဉ်။** (သတင်းစဉ်)

## ဘနာဇီဘူတိုလုပ်ကြံခံရမှုကြောင့် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ မတည်ငြိမ်ဖြစ်မှုများပေါ်ပေါက်လာနိုင်

**လန်ဒန် ဒီဇင်ဘာ ၂၉**

ဘနာဇီဘူတို လုပ်ကြံသတ်ဖြတ်ခံရမှုကြောင့် နျူကလီးယားလက်နက် ပိုင်ဆိုင်သည့် ပါကစ္စတန်နိုင်ငံတွင် အန္တရာယ်တိုးမြင့်လာနိုင်ကြောင်းဝေဖန်ပိုင်းခြားသူများက ကြာသပတေးနေ့တွင် သတိပေးပြောကြားလိုက်သည်။ သို့ရာတွင် ပြည်ပမှရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သည့်

**ကြေးမုံ နိုင်ငံတကာသတင်းများ**

သဘောထား မည်မည်ရရ ပြောင်းလဲစေနိုင်မည်မဟုတ်ကြောင်း အချို့သောဝေဖန်ပိုင်းခြားသူများက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ ရာဝါပင်ဒီမြို့ရှိ နိုင်ငံရေး လူထုအစည်းအဝေးတွင် ဘနာဇီဘူတိုလုပ်ကြံခံခဲ့ရသည့် သတင်းကြောင့် ကမ္ဘာတစ်ဝန်းတွင် ရွှေဈေးနှင့် ရေနံဈေးမြင့်တက်ခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ ပြည်ပငွေကြေး ဈေးကွက်တွင်လည်း ကမောက်ကမဖြစ်ခဲ့သည်။

ဘူတိုအသတ်ခံရမှုကြောင့် ပါကစ္စတန်နိုင်ငံနှင့် အိန္ဒိယတိုက်ငယ်တစ်ဝန်း နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ မတည်ငြိမ်မှုများ နောက်ထပ်ပေါ်ပေါက် လာနိုင်သည်ဟု ဆွစ်ဇာလန်ရင်းနှီးမြှုပ်နှံမှုဘဏ်က ပြောကြားသည်။

*အမ်အင်အေ၊ရိုက်တာ*

# လက်ဘနွန်တွင်သမ္မတရွေးချယ်တင်မြှောက်ပွဲကို ရက်ထပ်မံရွှေ့ဆိုင်းရပြန်

**ဘေရွတ် ဒီဇင်ဘာ ၂၉**

လက်ဘနွန်နိုင်ငံတွင် သမ္မတရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကိစ္စကို ဆောင်ရွက် နိုင်ဦးမည်မဟုတ်သည့်အတွက် ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁၂ရက်သို့ထပ်မံရွှေ့ဆိုင်းလိုက်ရကြောင်း ဒီဇင်ဘာ ၂၈ရက်တွင် ပါလီမန်က ကြေညာသည်။ ယခုတစ်ကြိမ် ရွှေ့ဆိုင်းမှုနှင့်ပါဆိုလျှင် သမ္မတရွေး ချယ်ပွဲကိုရွှေ့ဆိုင်းလာခဲ့သည်မှာ ၁၁ကြိမ်ရှိသွားပြီဖြစ်သည်။

သမ္မတနေရာလစ်လပ်နေလျှင် ပါလီမန်ခေါ်ယူပြီး သမ္မတသစ်ကိုရွေးချယ်ရမည်ဟု လက်ဘနွန်အခြေခံဥပဒေက ပြဋ္ဌာန်းထားသည်။ လက်ဘနွန်တွင် အခြေခံဥပဒေကို ပြင်ဆင်ရန် အတိုက်အခံပါတီနှင့် ပါလီမန်တွင်နေရာအများစု ရထားသောပါတီတို့ အငြင်းပွားနေကြသည်။ သို့ရာတွင် လက်ဘနွန်စစ်ဘက်မှ ဗိုလ်ချုပ်ကြီး မစ်ချယ်စူလမန်အား သမ္မတနေရာ ခန့်အပ်ထားရန် ပါတီနှစ်ခုလုံးက သဘောတူညီကြသည်ဟုဆိုသည်။

*အမ်အင်အေ၊ဆင်ဟွာ*

## ထိုင်းတွင် ညွန့်ပေါင်းအစိုးရဖွဲ့ရန် နီးစပ်

**ဗန်ကောက် ဒီဇင်ဘာ ၂၉**

ထိုင်းနိုင်ငံတွင် အနိုင်ရထားသော ပီပီပီနိုင်ငံရေးပါတီသည် ပါတီငယ်နှစ်ခုနှင့် ပူးပေါင်းကာ ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းနိုင်မည့် အခြေအနေရှိကြောင်း ဒီဇင်ဘာ ၂၈ ရက်တွင် ထွက်ပေါ်လာ သောသတင်းများ အရသိရသည်။

တနင်္ဂနွေနေ့က ပြုလုပ်သည့် ရွေးကောက်ပွဲတွင် အမတ်နေရာ ၄၈၀ ရှိသည့်အနက် အမတ်နေရာပေါင်း ၂၃၃ခုတွင် ပြည်သူ့အာဏာပါတီ (ပီပီပီ)က အနိုင်ရခဲ့သည်။ ညွန့်ပေါင်းအစိုးရဖွဲ့စည်းနိုင်ရေးအတွက် လက်ခံနိုင်မည့် သဘောတူညီမှုများ ရရှိရန် ဆက်လက်ဆွေးနွေးစရာများ ကျန်ရှိနေသေးသည်ဟု ဆိုသည်။

*အမ်အင်အေ၊ရိုက်တာ*

# မြန်မာ့စဥ့်ထည်ပစ္စည်းများ ကမ္ဘာ့ဈေးကွက်ဝင်လာရေး အထောက်အကူပြုမည့် ပထမဆုံးသော စဥ့်လုပ်ငန်းဆိုင်ရာသင်တန်းကျောင်း တွံတေးတွင်ဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၂၉

**မိရိုးဖလာဓလေ့ စဥ့်လုပ်ငန်းကို ခေတ်အမြင်ဖြင့် ဆန်းသစ်တီထွင်၍ ကမ္ဘာ့ဈေးကွက်ဝင် နိုင်ငံတကာ စံချိန်မီ အရည်အသွေးမြင့် ရောင်းတန်းဝင် စဥ့်ထည်များ ထုတ်လုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံ၌ ပထမဦးဆုံးသော စဥ့်လုပ်ငန်းဆိုင်ရာသင်ကြားမှု၊ သင်ယူမှု အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၁ရက်က ရန်ကုန်တိုင်း တွံတေးမြို့နယ် ရွှေဆံတော်ဘုရားကြီး အနောက်ဘက် ညောင်တံခါးကျေးရွာ၌ ကျင်းပသည်။**

စဥ့်လုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းကို တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်စံသာ၊ ဂျပန်သံရုံးမှ ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးနှင့် ပညာရေးကောင်စစ်ဝန် ရိုရှီမူယာ၊ စဥ့်အသင်းဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ သင်တန်းကျောင်းကို မြန်မာနိုင်ငံ စဥ့်အသင်းနှင့် ပူးပေါင်း၍ ဂျပန်အစိုးရ၏ အသေးစားစီမံကိန်း ရန်ပုံငွေဖြင့် ဖူကန်ကုမ္ပဏီက တာဝန်ယူ တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။

အခမ်းအနားတွင် စဥ့်အသင်းဥက္ကဋ္ဌ ဒေါက်တာ မျိုးသန့်တင်က "မြန်မာနိုင်ငံ စဥ့်အသင်းအနေဖြင့် တစ်ချိန်က ထွန်းကားခဲ့သည့် "ဆယ်လဒွန်"အမျိုးအစား စဥ့်မျိုးကို ပြန်လည်ဖော်ထုတ်၍ ကမ္ဘာ့ဈေးကွက်ဝင် ဧည့်ခန်းသုံး၊ ဥယျာဉ်သုံး၊ ဆောက်လုပ်ရေးသုံး ပစ္စည်းများကို ထုတ်လုပ်ရန် ရည်ရွယ်ထားကြောင်း" ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်သန်း(ငြိမ်း)က "ဒီနေ့ဟာ မြန်မာနိုင်ငံ စဥ့်ပညာ ပိုမိုတိုးတက်လာမယ့် နိမိတ်ပါပဲ၊ ကျွန်တော်တို့စုပေါင်းပြီး ပုံစံယူမယ်၊ ဖန်တီးမယ်၊ ဆင့်ပွားမယ်" ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ ဂျပန်သံရုံးမှ ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးနှင့် ပညာရေးကောင်စစ်ဝန် ရိုရှီမူယာက "နဂိုရှိပြီးသား အခြေခံ စဥ့်လုပ်ငန်းကို နည်းပညာများဖြင့် ပေါင်းစပ်ပြီး တိုးတက်စေဖို့နဲ့ ဂျပန်–မြန်မာ ချစ်ကြည်ရေး ပိုမိုတိုးတက်စေဖို့ ရည်ရွယ်ပါတယ်" ဟုပြောကြားသည်။

မြန်မာနိုင်ငံ စဥ့်အသင်းကို ၁၉၉၉ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်၊ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ဇော်သန်း(ငြိမ်း)၊ အတွင်းရေးမှူး ဦးအောင်မြင့်နှင့် အမှုဆောင် ၂၅ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ပြီး မြန်မာ့စဥ့်တစ်ခေတ် ပြန်လည်ဆန်းသစ်စေရန်၊ စဥ့်ပညာကို မိရိုးဖလာဓလေ့မှ နိုင်ငံတကာအဆင့်မီ ဖော်ဆောင်နိုင်ပြီး ကမ္ဘာ့တန်းဝင် အသုံးအဆောင်ပစ္စည်းများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ကြိုးပမ်းဖော်ဆောင်ခဲ့သည်။

သင်တန်းဝင်ခွင့်အတွက် ပညာအရည်အချင်း ကန့်သတ်ချက်မထားဘဲ အလုပ်ခွင် သင်တန်းစနစ်ဖြစ်သည့်အလျောက် သင်တန်းတက်နေစဉ်ကာလအတွင်း ဝင်ငွေလည်း ရရှိနေမည်ဖြစ်သည်။ သင်တန်းဆင်း အောင်လက်မှတ်ကိုလည်း ချီးမြှင့်ပေးမည့်အပြင် အခြေခံ ကုန်ကြမ်းပေါသော တွံတေးမြို့နယ်အတွင်း သင်တန်းကျောင်းတည်ဆောက်ခြင်းကြောင့် ဒေသအတွင်း ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများလည်း ပွင့်လန်းလာမည်ဖြစ်သည်။

စဥ့်အသင်း၏ အကောင်အထည်ဖော်ကြိုးစားအားထုတ်မှုဖြင့် သင်တန်းဆရာများနှင့် သင်တန်းသားများပေါင်းစပ်၍ အာရှပစိဖိတ် လက်မှုအနုပညာပြိုင်ပွဲသို့ ကိုကျော်စိုးဦးက **"ဥယျာဉ်သုံး မီးပြအိမ်"** မြန်မာနိုင်ငံ စဥ့်အသင်းက **"မြေဖုတ်ပန်းချီကားနှစ်ချပ်" "ဟံသာဝတီခေတ် ပုံဖော် တကောင်းအိုး တစ်လုံး"**နှင့် **"လူ့အသုံးအဆောင် ပစ္စည်းလေးမျိုး"**တို့ တင်သွင်း ယှဉ်ပြိုင်နိုင်ခဲ့ပြီဖြစ်သည်။ ယခင်က ရှေးရိုးစဉ်လာအတိုင်း မြေအိုးနှင့် အသုံးအဆောင်ပစ္စည်း အနည်းငယ်ကို မြေမီးဖုတ် (အနီထည်) အဖြစ် လုပ်ကိုင်နေကြရာမှ ယခုအခါ မြင့်မားသော နည်းစနစ်၊ ခေတ်မီ စဥ့်အတတ်ပညာ၊ ခေတ်အတွေးအမြင်တို့ဖြင့် ပေါင်းစပ်၍ စဥ့်လုပ်ငန်း တစ်ခေတ်ဆန်းသစ် လာတော့မည်ဖြစ်ပါသည်။ (ကြေးမုံ)

**စဥ့်ထည်လုပ်ငန်း သင်တန်း နည်းပြ ဆရာများနှင့် သင်တန်းသားများ စမ်းသပ် ထုတ်လုပ်ထားသည့် ခေတ်ပေါ် အနုပညာပုံစံ မီးဖုတ်မြေထည် လက်ရာအချို့ကို တွေ့ရစဉ်။**

**ပုဂံခေတ် အနုပညာလက်ရာဟန် မြေထည်အလှဆင် ပန်းပုလက်ရာများ ထုလုပ်နေသည့် ဆရာတစ်ဦး။**

**စဥ့်ထည်လုပ်ငန်း သင်တန်း နည်းပြ ဆရာများနှင့် သင်တန်းသားများ စမ်းသပ် ထုတ်လုပ်ထားသည့် ခေတ်ပေါ် အနုပညာပုံစံ မီးဖုတ်မြေထည် လက်ရာအချို့ကို တွေ့ရစဉ်။**

## သတင်းမှတ်တမ်းနှင့်ဓာတ်ပုံ တင်ဝင်းလေး(ကြည့်မြင်တိုင်)

### စဥ့်ပညာသင် ကြားရေး အဆောက်အအုံ

**တွံတေး စဥ့်လုပ်ငန်းပညာသင်ကြားရေး အဆောက်အအုံကို တွေ့ရစဉ်။**

# ဗဟိုသမဝါယမကောလိပ်(ဖောင်ကြီး) အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ဗဟိုသမဝါယမကောလိပ်(ဖောင်ကြီး) ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို ၂၀၀၈ခုနှစ် မတ် ၂၈ရက် (တောင်သူလယ်သမားနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ဆရာစံပလာဇာ(တိုက်နံပါတ် B) ပထမထပ်တွင် ကျင်းပမည်ဖြစ်သည်။

အလှူငွေထည့်ဝင်လိုသူများသည် ကိုစိုးဝင်းသိန်း ဖုန်း–၀၉၅၀၁၂၈၅၈၊ မသဇင် ဖုန်း–၂၉၈၂၂၄၊ ကိုမိုးလွင် ဖုန်း–၀၉၅၁၂၉၁၃၁၊ မအေးမင်းမြတ် ဖုန်း–၅၄၁၀၃၄၊ မဝေဝေလွင် ဖုန်း–၆၂၉၆၅၀၊ ညိုမီလှိုင် ဖုန်း–၅၆၄၀၆၁၊ မလဲ့လဲ့ယု ဖုန်း–၀၆၇–၄၂၀၄၂၈နှင့် မဝင်းဝင်းနွယ် ဖုန်း–၀၉၅၁၅၀၃၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

## လှူဒါန်း

**ရန်ကုန်မြို့ ဗဟန်းမြို့နယ် အောင်ချမ်းသာအိမ်ရာနေ မင်္ဂလာဦးဇနီးမောင်နှံဖြစ်သည့် မောင်ကျော်ဇောမင်း–မစန်းစန်းနုတို့က မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းရှိ ဆရာတော်၊ သံဃာတော်များအား မင်္ဂလာဦးဆွမ်းဆက်ကပ်၍ ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဇနိက ရှေ့မှောက်တွင် ဝိသာခါကျောင်းဆောင် ဆောက်လုပ်ရန်အတွက် ငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆရာတော်ကြီးက ရေစက်ချအနုမောဒနာ ချီးမြှင့်၍ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဒေါက်တာခင်ဇော် လက်ခံရယူစဉ်။**

(က–ပ)

# နေပြည်တော် ဒီဇင်ဘာ လူထုစုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

၂၀၀၇ခုနှစ် နေပြည်တော် ဒီဇင်ဘာ လူထုအားကစားလ ပဥ္စမအပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြို့မဈေးမှ စတင်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအဖွဲ့ဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ ဦးဆောင်၍ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ ဟိုတယ်ဇုန်များမှ ဝန်ထမ်းမိသားစုများ စုစုပေါင်းအင်အား ၇၅၀၀ကျော် ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ နံနက် ၆နာရီတွင် မြို့မဈေးစုရပ်မှစတင်၍ စုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲကြပြီး ပျဉ်းမနား တောင်ညိုလမ်းအတိုင်း သပြေကုန်းအဝိုင်းပေါက်မှ မြို့မဈေးသို့ ပန်းဝင်ကြကာ မြို့မဈေး၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများကို စုပေါင်း၍ တပျော်တပါး ပါဝင်ဆင်နွှဲကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

## ၃၀–၁၂–၂၀၀၇ (တနင်္ဂနွေနေ့)

**AM & PM**

| | |
|---|---|
| ၇း၀၀–၁း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅–၁း၀၅ | "ကြည့်တက်ရင်တရားမြင်"တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိသရ) |
| ၈း၀၀–၂း၀၀ | Soccer Update |
| ၈း၁၅–၂း၁၅ | တေးဂီတအစီအစဉ် |
| ၈း၂၀–၂း၂၀ | Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)] |
| ၉း၁၅–၃း၁၅ | တေးဂီတအစီအစဉ် |
| ၉း၂၀–၃း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၃၀–၃း၃၀ | လူသုံးပစ္စည်းအလေးထား စက်မှု(၁)ရဲ့စွမ်းပကား [စတီးပစ္စည်းနှင့် ကြွေရည်စိမ်ပစ္စည်းစက်ရုံ (မင်းစု)] |
| ၉း၅၀–၃း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၅–၃း၅၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀–၄း၀၀ | အမျိုးသမီးများတွင် အဖြစ်များသော ကင်ဆာရောဂါများ (သားအိမ်ခေါင်းကင်ဆာ၊ သားမြတ်ခေါ် ရင်သားကင်ဆာ) ဒေါက်တာ–သီတာစန်း |
| ၁၀း၁၀–၄း၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၅–၄း၁၅ | တေးဂီတအစီအစဉ် |
| ၁၀း၂၀–၄း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၃၀–၄း၃၀ | အသက်ကလေးရယ်တဲ့ရှည်စေလို (ဦးအောင်လွင်၊ ဦးကြည်စိုး၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မေထွဋ်ခေါင်၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ–ကြည်စိုး) |
| ၁၀း၄၅–၄း၄၅ | တေးဂီတအစီအစဉ် |
| ၁၀း၅၀–၄း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၅၅–၄း၅၅ | Euro Goals |
| ၁၁း၂၅–၅း၂၅ | တေးဂီတအစီအစဉ် |
| ၁၁း၃၀–၅း၁၃၀ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (မိုးပေါ်ခုန်တက်ကလိုက်ချင်ပါတယ်) |
| ၁၂း၁၀–၆း၁၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၁၂း၄၀–၆း၄၀ | ရွှေချစ်သူတို့အတွက် ရွှေမိတ်ဆက်ကဏ္ဍ(၃) |
| ၁း၀၀–၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

## English Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၅၅ | Derby-Blackburn | ESPN(Live) |
| ၁၀း၂၅ | Man City-Liverpool | ESPN(Live) |

# တရုတ်နှင့်အိန္ဒိယ လက်နက်ကိုင်တပ်ဖွဲ့များ အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးတွဲလေ့ကျင့်

**ကူမင်း ဒီဇင်ဘာ ၂၉**

တရုတ်နှင့်အိန္ဒိယ လက်နက်ကိုင်တပ်ဖွဲ့များသည် အကြမ်းဖက်မှု တိုက်ဖျက်ရေး စစ်ရေးလေ့ကျင့်မှုကို တရုတ်နိုင်ငံအနောက်တောင်ပိုင်းတွင် အင်္ဂါနေ့နံနက်က ပြုလုပ်ကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုကို ယူနန်ပြည်နယ်၏မြို့တော် ကူမင်းအနီးတောင်တန်းထူထပ်ရာဒေသတွင် အင်္ဂါနေ့ နံနက် ၇ နာရီခွဲက စတင်ပြုလုပ်ခဲ့ကြောင်း၊ နှစ်နိုင်ငံစစ်ဘက်မှကြည်းတပ်တပ်ဖွဲ့ဝင် ၂၀၆ ဦး ပါဝင်လေ့ကျင့်ကြောင်း သိရသည်။

ယင်းစစ်ရေးလေ့ကျင့်မှုတွင်ပါဝင်သည့် တပ်ဖွဲ့ဝင်များကို တရုတ်နှင့်အိန္ဒိယစစ်ဘက် အကဲခတ် လေ့လာရေးကိုယ်စားလှယ်အဖွဲ့ အကြီးအကဲများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးမာကျင်တိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ဆူရီးလ်ဂုပ္ပတားတို့က စစ်ဆေးခဲ့ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်နိုင်ငံ ကင်းဆပ်စ်ပြည်နယ်တွင် နှင်းများ ထူထပ်စွာကျနေသည်ကို ဒီဇင်ဘာ ၂၂ရက်က တွေ့ရစဉ်။
*(ဓာတ်ပုံ–အင်တာနက်)*

# အစ္စတန်ဘူလ်မြို့ ဘူတာရုံအနီးတွင် ဖောက်ခွဲရေးပစ္စည်းများ ဖမ်းမိ

**အန်ကာရာ ဒီဇင်ဘာ ၂၉**

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ မြေအောက်ရထား ဘူတာရုံအပြင်ဘက်တွင် ဖောက်ခွဲရေးပစ္စည်းများ သယ်ဆောင်လာသည့် လူတစ်ဦးကို တူရကီရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သဖြင့် အကြမ်းဖက် ဗုံးဖောက်ခွဲမည့် လုပ်ရပ်ကို ဖြိုခွင်းလိုက်နိုင်ကြောင်း အနာတိုလီယာသတင်းဌာနက ကြာသပတေးနေ့တွင် ဖော်ပြသည်။

**သိမ်းဆည်းရမိ**

အေ–၄ ဖောက်ခွဲရေးပစ္စည်း ၃၅ကီလိုသယ်ဆောင်လာသည့် လူတစ်ဦးကို မြေအောက်ရထားဘူတာရုံ အပြင်ဘက်တွင် ဖမ်းဆီးရမိကြောင်း၊ ရဲတပ်ဖွဲ့က ၎င်းထံမှ စိစစ်ရေးကတ်ပြားတုနှင့် ဗုံးလုပ်ရာ၌သုံးသော သံမဏိပိုက်လုံးများကို သိမ်းဆည်းရမိကြောင်း သတင်းဌာနက ဖော်ပြသည်။

အဆိုပါ လူ၏အိမ်ကို ရဲတပ်ဖွဲ့က ရှာဖွေခဲ့ရာ ဖောက်ခွဲရေးပစ္စည်းများကို ထပ်မံတွေ့ရှိခဲ့သည်။ ၎င်း၏အိမ်သည် အစ္စတန်ဘူလ်မြို့ ယင်နီဘောစနာ ရပ်ကွက်တွင် တည်ရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# စီးပွားရေးဒဏ်ခတ်မှုမှန်သမျှ လက်မခံ အမေရိကန်အစိုးရကို ဘီလာရုစ်ဝန်ကြီးချုပ် ပြောကြား

**မော်စကို ဒီဇင်ဘာ ၂၉**

နိုင်ငံရေး ရည်ရွယ်ချက်အရ ဘီလာရုစ်နိုင်ငံအား အမေရိကန်က မည်သည့် စီးပွားရေး ဒဏ်ခတ်မှုကိုမျှ လက်ခံနိုင်မည် မဟုတ်ကြောင်း ဘီလာရုစ်ဝန်ကြီးချုပ် ဆာဂေးဆီဒေါ်စကီးကဗုဒ္ဓဟူးနေ့တွင်ပြောကြားသည်။

ရုရှား– ဘီလာရုစ် ဝန်ကြီးများကောင်စီ၏ အစည်းအဝေးတက်ရောက်ရန် မော်စကိုမြို့သို့ ရောက်ရှိနေသူ ဆီဒေါ်စကီးက ယင်းသို့ ပြောကြားခြင်းဖြစ်ကြောင်း အီတာ–တာ့စ်သတင်းဌာနက ထုတ်ပြန်သည်။

ဘီလာရုစ်နိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများကို ဆက်လက်ထိန်းသိမ်းထားသည့်အချိန်၌ပင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး နှေးကွေးနေခြင်းအတွက် ယင်းနိုင်ငံကို စီးပွားရေးအရ အရေးယူဒဏ်ခတ်ရဖွယ်ရှိသည်ဟု ဘီလာရုစ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးကာရင်စတီးဝပ်ကမကြာသေးမီက ပြောကြားခဲ့မှုကို တုံ့ပြန်ကာ ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

စီးပွားရေးဒဏ်ခတ်မှု မှန်သမျှသည် နိုင်ငံတကာဥပဒေများကို ချိုးဖောက်ရာရောက်ပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ပြည်တွင်းရေးတွင်ဝင်ရောက်စွက်ဖက်ရာရောက်ကြောင်းဆီဒေါ်စကီးက ပြောကြားသည်။

အမေရိကန်နိုင်ငံသည် ဘီလာရုစ်နိုင်ငံပိုင်ကုမ္ပဏီများကိုစီးပွားရေးပိတ်ဆို့မည်ဟု ခြိမ်းခြောက်ထားသည်။

အမေရိကန်အစိုးရက ဘီလာရုစ်နိုင်ငံကို စီးပွားရေးပိတ်ဆို့ရန် စီစဉ်နေမှုကို ရုရှားအစိုးရက ကန့်ကွက်ခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အီဂျစ်တွင် အဆောက်အအုံပြိုကျ ငါးဦးသေဆုံး

**ကိုင်ရို ဒီဇင်ဘာ ၂၉**

အီဂျစ်နိုင်ငံ မြေထဲပင်လယ်မြို့ဖြစ်သော အလက်ဇန္ဒြီးယားမြို့တွင် ဒီဇင်ဘာ ၂၄ရက်က ၁၂ထပ်ရှိ လူနေအဆောက်အအုံတစ်လုံး ပြိုကျရာ ငါးဦးထက်မနည်း သေဆုံးကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

ကယ်ဆယ်ရေး လုပ်သားများက နှစ်ဦးကိုကယ်တင်နိုင်ခဲ့ကြောင်း၊အဆောက်အအုံအပျက်အစီးအောက်တွင် လူ ၃၀ ကျော်အထိ ပိတ်မိနေသဖြင့် သေဆုံးသူဦးရေ တိုးလာနိုင်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ယင်းအဆောက်အအုံ ရုတ်တရက်ပြိုကျချိန်တွင် ဆောက်လုပ်ရေးလုပ်သားများက ပထမထပ်တွင် ပြင်ဆင်မှုများလုပ်ကိုင်နေကြောင်း လုံခြုံရေးဌာနညွှန်ကြားရေးမှူးက သတင်းထောက်များအား ပြောကြားသည်။

အဆောက်အအုံပိုင်ရှင်အား အရေးယူမည်ဖြစ်ကြောင်း၊ ၎င်းအဆောက်အအုံသည် ၁၉၈၂ ခုနှစ်က ခုနစ်ထပ်အဆောက်အအုံအဖြစ်သာ ဆောက်လုပ်ရန်ခွင့်ပြုခဲ့သော်လည်း ပိုင်ရှင်က ငါးထပ်ထပ်မံ၍ တိုးချဲ့ဆောက်လုပ်ခဲ့ကြောင်း တရားရေးဌာနက ရိုက်တာသို့ ပြောကြားသည်။

အဆောက်အအုံပြိုကျမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးသွားမည် ဖြစ်ပြီး အဆောက်အအုံပိုင်ရှင် အမျိုးသမီးကိုဖမ်းဆီးရန် ဖမ်းဝရမ်းထုတ်ပေးထားကြောင်း တရားရေးဌာနက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဂျပန်နိုင်ငံ တိုကျိုမြို့ ဂီတဆိုင်တစ်ဆိုင်၌ မိမိဝယ်ယူလိုသော သီချင်းရှိ၊ မရှိ ကွန်ပျူတာဖြင့် ရှာဖွေနေသည်ကို ဒီဇင်ဘာ ၂၇ ရက်က တွေ့ရစဉ်။
*(ဓာတ်ပုံ–အင်တာနက်)*

# ဖိလစ်ပိုင်တပ်ဖွဲ့ကို အမြင့်ဆုံးတပ်လှန့်ထား

**မနီလာ ဒီဇင်ဘာ ၂၉**

ဖိလစ်ပိုင်နိုင်ငံတွင် ပြည်သူ့တပ်မတော်သစ် (အင်ပီအေ)အမည်ရှိ သူပုန်အဖွဲ့က ကွန်မြူနစ်ပါတီထူထောင်သည့် (၃၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် တိုက်ခိုက်မှုများ ပြုလုပ်လာနိုင်သဖြင့် ဖိလစ်ပိုင်တပ်ဖွဲ့များကို အမြင့်ဆုံးတပ်လှန့်ထားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

အင်ပီအေသူပုန်အဖွဲ့က ကွန်မြူနစ်ပါတီ ထူထောင်မှု နှစ်ပတ်လည်အခါသမယတွင် တိုက်ခိုက်မှုများ ပြုလုပ်နိုင်သဖြင့် မိမိတို့၏ တပ်ဖွဲ့ဝင်များကို တပ်လှန့်ထားကြောင်း စစ်ဘက်ပြန်ကြားရေးဌာနဒုတိယအကြီးအကဲဖြစ်သူ ဗိုလ်မှူးရေမွန်ဇာဂါလာက သတင်းထောက်များအား ပြောကြားသည်။

သူပုန်အဖွဲ့က တိုက်ခိုက်မှုမပြုမီ မိမိတို့က လက်ဦးမှုရယူကာ ဆောင်ရွက်နိုင်ကြောင်း ဇာဂါလာက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ဂျာမနီတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုးတွေ့ရှိ

**ဘာလင် ဒီဇင်ဘာ ၂၉**

ဂျာမနီနိုင်ငံ အရှေ့မြောက်ဘက် ဘရင်းဒန်းဘတ်ပြည်နယ်ရှိ မွေးမြူရေးခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုးကို တွေ့ရှိရကြောင်း တာဝန်ရှိသူက အင်္ဂါနေ့တွင် ပြောကြားသည်။

ဂျာမနီနိုင်ငံတွင် ၁၀ ရက်အတွင်း ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးကို တတိယအကြိမ်တွေ့ရခြင်းဖြစ်ကြောင်း ဒီပီအေသတင်းဌာနက ပြောကြားသည်။ ဂျာမနီနိုင်ငံမြို့တော် ဘာလင်အနီး ဘရင်းဒန်းဘတ်ပြည်နယ်ရှိ မွေးမြူရေးခြံတွင် $H_5N_1$ ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးကို တွေ့ရှိခဲ့သည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ဒေသဆိုင်ရာ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေး အာဏာပိုင်များက ကြိုးပမ်းလိုက်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# နျူကလီးယားလက်နက်တိုက် ပါကစ္စတန်စစ်ဘက်က ထိန်းချုပ်ထားနိုင်

**ဝါရှင်တန် ဒီဇင်ဘာ ၂၉**

ပါကစ္စတန်နိုင်ငံ၌ အတိုက်အခံခေါင်းဆောင် ဘနာဇီဘူတို လုပ်ကြံသတ်ဖြတ်ခံခဲ့ရပြီးနောက် နိုင်ငံရေးအရှုပ်အထွေးများ ပေါ်ပေါက်နေလင့်ကစား ယင်းနိုင်ငံ၏ နျူကလီးယားလက်နက်တိုက်ကို စစ်ဘက်ကထိန်းချုပ်ထားနိုင်ကြောင်း အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်က သောကြာနေ့တွင် ပြောကြားသည်။

ဘူတိုလုပ်ကြံခံရမှုကြောင့် ၎င်း၏ဇာတိရပ်မြေ ဆင်းပြည်နယ်တစ်ဝန်း၌ ဆူပူအကြမ်းဖက်မှုများ ပေါ်ပေါက်ခဲ့သော်လည်း နျူကလီးယားလက်နက်များကို ပါကစ္စတန်စစ်ဘက်က ထိန်းချုပ်ထားနိုင်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ကျင်းပသော ရွက်လှေပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နေသော ရွက်လှေတစ်စင်းကို ဒီဇင်ဘာ ၂၆ ရက်က တွေ့ရစဉ်။*(ဓာတ်ပုံ–အင်တာနက်)*

# ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအား တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တွေ့ဆုံအားပေး

ရန်ကုန် ဒီဇင်ဘာ ၂၉

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၁ နာရီတွင် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း သာကေတဆိပ်ခံတံတား ခရီးသည်ခန်းမဆောင်၌ ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ခရီးသည်များအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။**

ထို့နောက် တိုင်းမှူးက မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း "ဟားခါး" သင်္ဘောဖြင့် ကိုကိုးကျွန်းမြို့နယ်သို့ လိုက်ပါမည့် ဝန်ထမ်း ၁၁ ဦးအတွက် တစ်ဦးလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ချီးမြှင့်ငွေကျပ် ၂၂၀၀၀၊ ခရီးသည် ၄၄ ဦးအတွက် တစ်ဦးလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ချီးမြှင့်ငွေကျပ် ၄၄၀၀၀၊ ရေမျောရေလုပ်သား ၂၃ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ချီးမြှင့်ငွေကျပ် ၂၃၀၀၀၀၊ ကိုကိုးကျွန်းတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်း ၁၈၃ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် လစဉ်ထောက်ပံ့ငွေကျပ် ၂၇၄၅၀၀၊ မြို့နယ်ဘုန်းကြီးကျောင်းအတွက် VCD စက်၊ ဘာသာရေးဆိုင်ရာစာအုပ်များနှင့် VCD: MP3 တရားခွေများ၊ ကိုကိုးကျွန်းမြို့နယ်အတွင်း ပြည်သူလူထု ကြည့်ရှုနိုင်ရန် DVD ပြစက်၊ ကိုကိုးကျွန်း အခြေခံပညာ အထက်တန်းကျောင်းအတွက် အလှူရှင်ဦးကျော်ကျော်လှိုင် (SMART Technical Services Co., Ltd) က လှူဒါန်းသည့် ကွန်ပျူတာ ... ကျောင်းအတွက် ... လျှပ်စစ်ပစ္စည်းကိရိယာ နှစ်စုံတို့ကို တာဝန်ရှိသူများထံ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် "ဟားခါး" သင်္ဘောပေါ်သို့ တက်ရောက်ကြည့်ရှုစစ်ဆေးပြီး လိုက်ပါမည့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ခရီးသွားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ သင်္ဘောဖြင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကိုကိုးကျွန်း မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် နယ်မြေခံတပ်အတွက် GPS နှစ်လုံး၊ စားပွဲတင် တင်းနစ်ခုံ တစ်စုံ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ စားသောက်ကုန် ဆန်၊ ဆီများ ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ထောက်ပံ့

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်မည့် ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။** (သတင်းစဉ်)

မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် ရိပ်သာဆောက်လုပ်ရန်အတွက် လမ်းမတော်မြို့နယ် လမ်းသစ်ရိပ်သာလမ်းနေ ကိုညိုထွန်း-မသီတာလင်းထွန်း၊ သား မောင်းလင်းစန်းကိုကိုတို့က အလှူငွေကျပ် ၁၃၀၀၀၀ လှူဒါန်းရာ ပြန်ကြားရေးမှူးနှင့် ခေတ္တ ဘဏ္ဍာရေးမှူး ဦးသန်း လက်ခံယူစဉ်။ (ကြေးမုံ)

**ပုသိမ်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၏ ဒုတိယအကြိမ် ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးချစ်လွင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ဇေယျဝံသပရိယတ္တိစာသင်တိုက် ပဓာနဆရာတော်နှင့် စာချ၊ စာသင် သံဃာတော် အပါး ၅၀ တို့အား တန်ဖိုးငွေကျပ် သိန်း ၃၀ ခန့်ရှိ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။** (သတင်းစဉ်)

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဇဟိုလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၆၀/၂၀၀၆) သင်တန်းဆင်းပွဲတွင် အကောင်းဆုံး ကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း မောင်မျိုးအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

## ဒုတိယရဲအုပ်လောင်း သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဇဟိုလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၆၀/၂၀၀၆) သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်နံနက် ၇ နာရီတွင် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ဇဟိုလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ရဲထောက်ချုပ် ရဲမှူးချုပ် ဝင်းစိုး၊ ဇဟိုလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ရဲမှူးချုပ် သိန်းတင့်၊ စီမံရေးနှင့် လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီး ဝင်းခေါင်၊ ရဲအရာရှိကြီးများ ဖိတ်ကြားထားသူများ၊ သင်တန်းသား ဒုတိယ ရဲအုပ်လောင်းများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ရေးပြ အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူ၍ တပ်ခွဲများကိုစစ်ဆေးပြီး ဒုတိယရဲအုပ်လောင်း တပ်ခွဲများ၏ အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

**ဆုများချီးမြှင့်**

ထို့နောက် ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက အကောင်းဆုံး ကျောင်းသားဆုရ ဒုတိယ ရဲအုပ်လောင်း မောင်မျိုး၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယ ရဲအုပ်လောင်း သင့်မြတ်အောင်၊ ဥပဒေဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း မောင်မျိုး၊ အင်္ဂလိပ်စာ ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း စိုးထွန်းနှင့် ကွန်ပျူတာ ထူးချွန်ဆုရ ဒုတိယ ရဲအုပ်လောင်း ကိုကိုနိုင်တို့အား ဆုများ ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၂၀၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ထူးခြားသည့် ညအပူချိန်များ

၂၉-၁၂-၂၀၀၇

| | |
|---|---|
| လွိုင်လင် | (၀)ဒီဂရီစင်တီဂရိတ် |
| ဟားခါး | (၁)ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းနှင့် | |
| ဟဲဟိုး | (၃)ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | (၄)ဒီဂရီစင်တီဂရိတ် |

**ကွယ်လွန်သူ မိဘနှစ်ပါးအား ရည်စူး၍ တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် ဗညားဒလလမ်းနေ ဆရာဦးမောင်မောင်တီ(သချ်ာ)ညီအစ်ကိုမောင်နှမတစ်စုက တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် သီရိမင်္ဂလာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအတွက် အာဟာရ အလှူနှင့် ပညာဒါနအလှူငွေလှူဒါန်း ရာ ပဓာနနာယက ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ (မဟာသဒ္ဓမ္မဇောတိကဓဇ)ထံမှအနုမောဒနာ ရေစက်ချ တရားနာယူပြီး ကျောင်းအကျိုးဆောင်က လက်ခံယူစဉ်။** (၀၈)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၀-၁၂-၂၀၀၇ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -နတ်စားပုံနဲ့မိုးပုံကြောင်**
- ၁:၅၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၁:၅၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၂:၀၀ ၈။ ပြီးပါပြီ။

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၆:၄၅ ၁၂။ လျှပ်တပြက်ရိုက်ချက်
- ၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဒီလိုင်းနှင့်အတူ (အပိုင်း-၄)**
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ပဟေဠိနန်းတော်
- ၁၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၁၉။ ကျန်းမာသုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - နီလာလက်ကောက် (အပိုင်း-၂၄)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၄၄ရပ်ကွက် ရွှေစင်လမ်းနေ ကွယ်လွန်သူ ဖခင်ဦးအုံးမောင် မိခင် ဒေါ်လှတို့အားရည်စူး၍ သမီးဒေါ်တင်အေး၊ သားဦးထိန်ဝင်း၊ ဇနီးဒေါ်လှလှမြင့်၊ သားသမီးမြေးတစ်စုတို့က နှင်းဆီကုန်း ဘိုးဘွားရိပ်သာ သုံးထပ်ဆောင်သစ်နှင့် ထာဝရဆေးပဒေသာပင်တို့အတွက် ငွေကျပ်နှစ်သိန်းကို အမှုဆောင်အဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။

(၃၂)

# နေပျော်ပါသည် မြန်မာပြည်

**အငြိမ်းစား
ဝန်ထမ်းတစ်ဦး**

**မြန်မာနိုင်ငံရဲ့ ဈေးနှုန်းနဲ့ ပတ်သက်လို့ ကျွန်တော်တို့ သတိပြုရမှာက ပြည်တွင်းဆန့်ကျင်ဘက် နိုင်ငံရေးပါတီများရဲ့ သွေးထိုးလှုံ့ဆော်မှုနဲ့ မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံကြီးအချို့ရဲ့ လွဲမှားတဲ့ စီးပွားရေးပိတ်ပင်တားဆီးမှုများကြောင့် ကမ္ဘာ့ဘဏ် စသည့် ဘဏ်တို့မှ ငွေရေးကြေးရေး အကူအညီများ ပိတ်ပင်ခြင်း၊ နိုင်ငံခြားငွေ ဖြတ်သန်းမှုပိတ်ဆို့ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို တားဆီးခြင်း၊ ကမ္ဘာလှည့်ခရီးသွားလာရောက်မှု နည်းပါးစေရန် လှုံ့ဆော်ခြင်းများဖြင့် စီးပွားရေးတိုးတက်မှုကို ထိခိုက်စေပြီး ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို ပျက်ပြားစေတာကတော့ အမှန်ပါပဲ။ ဒီလိုပြည်သူများကို ဆူပူမှုများတွင် ပါဝင်လာဖို့ ကုန်ဈေးနှုန်းကို ပစ်မှတ်ထားကာ ဆောင်ရွက်လာတာမျိုး ရှိနေပါတယ်။ ပြည်သူများက တည်ငြိမ်မှု၊ လုံခြုံမှု၊ အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို လိုလားကြတာကို ပြီးခဲ့သည့် စက်တင်ဘာလကလှုံ့ဆော်မှုတွင် ပါဝင်ပတ်သက်ခြင်း မရှိခဲ့သည်ကိုကြည့်လျှင် သိသာပါတယ်။**

ကျွန်တော်ဟာ ပင်စင်စားတစ်ဦးပါ။ ပင်စင်လစာနဲ့ ကုန်ဈေးနှုန်းများကို ဘယ်လိုကျော်ဖြတ်ရမလဲလို့ စိုးထင့်ခဲ့ပါတယ်။ လက်တွေ့ကျကျ နေထိုင်စားသောက်တဲ့အခါ စားရေးသောက်ရေးမှာ မျှတလုံလောက်တာကို တွေ့ကြုံရလို့ စိုးရိမ်ကြောင့်ကြမှု ပြေပျောက်ရပါတယ်။

ဒီကြားထဲ မြန်မာနိုင်ငံမှာ စားဝတ်နေရေး ကျပ်တည်းနေတယ်လို့ တလောက ကုလသမဂ္ဂဌာနေကိုယ်စားလှယ်အပါအဝင် အချို့က စွပ်စွဲပုတ်ခတ်တာကို ကြားသိရလို့ တအံ့တသြဖြစ်ရပါတယ်။ စွပ်စွဲထားချက်မှာ မြန်မာတစ်ဦး တစ်ရက်တစ်ဒေါ်လာမျှသာ အနိုင်နိုင်သုံးစွဲနေရလို့ ငတ်မွတ်ခေါင်းပါးဘေးနဲ့ ကြုံနေသယောင် ဖော်ပြထားတာတွေ့လို့ အံ့သြကုန်နိုင်ဖွယ်ပါလို့ သြချရမတတ်ဖြစ်ရပါတယ်။ ရယ်လည်းရယ်မိပါရဲ့။

သူတို့ပြောသလို တစ်ဒေါ်လာနှုန်းမျှဆိုတာ မမှားပါဘူး။ ဒါပေမယ့် ဆင်းရဲမွဲတေ၊ ငတ်မွတ်ခေါင်းပါးနေတယ်ဆိုတဲ့ စွပ်စွဲမှုကတော့မှားပါရဲ့။ သူတို့ရှေးရှုလိုတာက မြန်မာနိုင်ငံမှာ ကုန်ဈေးနှုန်းကြီးမြင့်လို့ လူအများဒုက္ခရောက်ရပါတယ်ဆိုတဲ့ သဘောမျိုးကို ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေပြီး အစိုးရအပေါ် အကြည်ညိုပျက်တာကတစ်ဆင့် ဆူပူမှုများ ဖြစ်ပေါ်လာကာ အစိုးရအပြောင်းအလဲကိုဦးတည် ဘေးတီးထားတာပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလ ဆူပူဆန္ဒပြမှု မီးပွားကို ဓာတ်ဆီလောင်း မီးထိုးပေးတာပဲဖြစ်ပါတယ်။ ကမ္ဘာကိုလည်း မြန်မာဟာ အဆင်းရဲဆုံးပါ။ လက်ရှိအစိုးရက စီးပွားရေးကို မနိုင်မနင်းဖြစ်နေပြီ။ ဒါကြောင့် ဟိုနိုင်ငံရေးအဖွဲ့ အစိုးရတက်လာဖို့ ဝိုင်းဝန်းကူညီကြစို့ဆိုတဲ့ နိုင်ငံရေးတောခြောက်ပွဲကို ရည်စူးထားတာ တွေးကြည့်ရင် သိသာပါတယ်။

**ကဲ - သူတို့ပြောကြသလို ကျွန်တော်တို့တစ်တွေ ထမင်းရည်ပဲ သောက်နေရသလားဆိုတာ သမာသမတ်ကျကျ ဆန်းစစ်ကြည့်ကြရအောင်။ မြန်မာလူမျိုးတစ်ဦးရဲ့ အခြေခံစားသုံးမှုကိုကြည့်ရင် ဆန်၊ ဆီ၊ ဆား၊ ငါးပိ ဖြစ်ပါတယ်။ လူတစ်ဦးရဲ့ အာဟာရရှုထောင့်အရ စားသုံးနှုန်းများကိုကြည့်ရင် တစ်ရက် ဆန်နို့ဆီ ၁ ဒသမ ၆ ဘူး၊ အသားငါး ၃ကျပ်သားက ၅ကျပ်သား၊ စားသုံးဆီ ၁ ဒသမ ၆၇ ကျပ်သား၊ ကြက်သွန်နီ ၁ ဒသမ ၈၀ကျပ်သား၊ ကြက်သွန်ဖြူ ၀ဒသမ ၁၂ကျပ်သား၊ ငရုတ်သီးခြောက် ၀ ဒသမ ၂၃ကျပ်သား၊ ဟင်းသီးဟင်းရွက် ၆ကျပ်ခွဲသားဖြစ်ပါတယ်။ အများစုကလည်း ဒီစားနှုန်းအတိုင်းပဲ စားနေကြတာပဲ။ ဒီနှုန်းများအရ စားလျှင်ပင် မြို့နေလူတစ်ဦးဟာ တစ်ရက်ကို ၈၈၀ ကျပ်နှင့် ၃၆ပြားပဲ ကုန်ကျတယ်။ အစားအစာမဟုတ်တဲ့ အဝတ်အထည်၊ လောင်စာဓာတ်အား၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ငှားခနှင့် ပြင်ဆင်ခ၊ ခရီးစရိတ်၊ အခြားစရိတ်အပါအဝင် ၁၀၂ကျပ် ၄၉ပြားပဲ ပျမ်းမျှရှိလို့ တစ်ရက်စုစုပေါင်း အသုံးစရိတ်ဟာ ၁၂၆၁ကျပ် ပြား ၇၀ လောက်ပဲ ရှိပါတယ်။ ဒေါ်လာပေါက်ဈေးနဲ့ကြည့်ရင် (၉၇)ဆင့်ပဲရှိတယ်။ ကျေးလက်ဆိုရင် စုစုပေါင်း တစ်ဦးတစ်ရက် ၆၈၂ကျပ် ၉၁ပြားပဲရှိလို့ (၅၃)ဆင့်သာသာပဲရှိပါတယ်။ စားနှုန်းအရ စားနေတာဖြစ်လို့ အာဟာရမပြည့်မဝ၊ မစားရလို့မဟုတ်ဘဲ ဈေးနှုန်းချိုသာနေတဲ့ သဘောကြောင့်ဆိုတာ ရှင်းပါတယ်။ ဘာ့ကြောင့် ဈေးနှုန်းချိုသာရသလဲဆိုတာ အချုပ်ပြောရရင် တည်ငြိမ်မှု၊ လုံခြုံမှုနှင့် ရေမြေတောတောင်သဘာဝ အရင်းအမြစ်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်လို့ပဲလို့ ဆိုရပါမယ်။ ကျေးလက်မှာဆို မျှစ်တို့၊ မန်ကျည်းရွက်တို့၊ အခြား ဟင်းသီးဟင်းရွက်များကို ပဒေသာပင်က ဆွတ်စားရသလို စားနေကြပါတယ်။ အညာကျေးလက်မှာဆို ခရမ်းချဉ်သီးပေါ်ချိန် အခြောက်ခံသိုလှောင်ထားပြီး နှစ်ပေါက်စားကြပါတယ်။ မန်ကျည်းရွက်နုတို့၊ လက်ပံပွင့်တို့၊ မြေပဲတို့ကို တာရှည်ခံလုပ်ပြီး စားကြပါတယ်။ နေထိုင်ရေးအတွက်ဆို သစ်ဝါး၊ သက်ကယ် စသည့် တောထွက်ပစ္စည်းများကို တစ်ယောက်တစ်လှည့် ဝိုင်းဆောက်ပေး၊ ပြင်ဆင်ပေးတာတွေ၊ အခမဲ့ FOC ဖြစ်တာ မပါသေးပါဘူး။**

**အခြေခံဆန်ဈေးကိုပဲကြည့်ပါ။ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ စင်ကာပူနိုင်ငံမှာ တစ်ကီလိုကို ၀ဒသမ ၇၉ စင်ကာပူဒေါ်လာဖြစ်လို့ ၅၀ ကီလိုတစ်အိတ်နှုန်းနဲ့တွက်ရင် ၃၉ ဒသမ ၅၀ စင်ကာပူဒေါ်လာဖြစ်လို့ ငွေလဲနှုန်း တစ်ဒေါ်လာ ၁ဒသမ ၄၅၅ စင်ကာပူ ဒေါ်လာနှင့် တွက်ကြည့်လျှင် ဒေါ်လာ ၂၇ ဒသမ ၁၅ ကျလို့ ကျပ်ပေါက်ဈေးနှင့် ကြည့်လျှင် တစ်အိတ် ၃၆၂၄၅ ကျပ်ဖြစ်နေပြီ။ တစ်ပြည်ဆို ကျပ် ၁၅၁၀ ပါပဲ။ အလားတူဆန်မျိုး ပြည်တွင်းမှာ တစ်အိတ် ကျပ် ၁၆၈၀၀ နှင့် တစ်ပြည် ကျပ် ၇၀၀ သာ ရှိပါတယ်။ ဗီယက်နမ်မှာ အလားတူဆန်တစ်ကီလို၉၀၀၀ဒေါင်ဖြစ်လို့ တစ်အိတ်ညီမျှ ဒေါင်၄၅၀၀၀၀ဖြစ်ပြီး ဗီယက်နမ်ငွေလဲနှုန်း တစ်ဒေါ်လာ ၁၆၀၀၀ဒသမ ၄၃ဒေါင်ကို ဒေါ်လာမှ ကျပ်ဖွဲ့ကြည့်လျှင် တစ်အိတ် ၃၆၂၇၅ ကျပ်ဖြစ်လို့ တစ်ပြည် ၁၅၁၁ကျပ်ဖြစ်နေပါတယ်။ နိုင်ငံခြား ပြည်ပဆန်ပေါက်ဈေးများကလည်း ၂၅ ရာခိုင်နှုန်း ချေ့မထ ထိုင်းဆန် FOB တစ်တန် ၃၂၅ ဒေါ်လာ၊ မြန်မာငွေ ညီမျှအနေနှင့်ကြည့်လျှင် ၄၃၃၈၅၇ ကျပ်၊ တစ်အိတ်ဈေး တွက်ကြည့်ရင် ၂၁၆၉၄ ကျပ်ဖြစ်နေပြီး အလားတူ ပြည်တွင်းဆန် တစ်အိတ်ဈေးက ကျပ် ၁၆၈၀၀ ပဲဖြစ်လို့ ၄၈၉၄ ကျပ်ခန့်လည်းကောင်း၊ ရာနှုန်းအားဖြင့် ၂၃ရာခိုင်နှုန်းခန့်လည်းကောင်း သက်သာနေပါတယ်။**

ဓာတ်ဆီဈေးနှုန်းကြည့်လျှင်လည်း ၂၆-၁၁-၂၀၀၇ ရက်နေ့က စင်ကာပူမှာ တစ်လီတာကို ၁ဒသမ ၉၀စင်ကာပူ ဒေါ်လာ၊ တစ်ဂါလန် မြန်မာငွေညီမျှ ၇၉၃၂ ကျပ်၊ အင်္ဂလန်မှာ တစ်လီတာ ၁ဒသမ ၀၂၄ ပေါင်စတာလင်၊ တစ်ဂါလန် မြန်မာငွေညီမျှ ၁၂၇၃၉ ကျပ်၊ ဟောင်ကောင်မှာ တစ်လီတာ ၁၅ဒသမ ၃၆ဟောင်ကောင်ဒေါ်လာ၊ တစ်ဂါလန် မြန်မာငွေညီမျှ ၁၂၀၈၆ကျပ်၊ ကိုရီးယားမှာ တစ်လီတာ ၁၇၁၄ ဝမ်၊ တစ်ဂါလန် မြန်မာငွေညီမျှ ၁၁၃၂၅ ကျပ်၊ အမေရိကန်မှာ တစ်ဂါလန် ၃ဒသမ ၁၂ဒေါ်လာ၊ မြန်မာငွေညီမျှ ၄၀၂၅ကျပ် ဖြစ်နေတာတွေကို အစိုးရသတ်မှတ်ဈေး တစ်ဂါလန် ကျပ် ၂၅၀၀ နဲ့ပဲကြည့်ကြည့်၊ ပြင်ပပေါက်ဈေးကျပ် ၄၀၀၀ ၊ ကျပ် ၅၀၀၀ နဲ့ပဲကြည့်ကြည့် သက်သာသေးတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီဇယ်ဈေးကြည့်လျှင်လည်း စင်ကာပူမှာ တစ်လီတာ ၁ဒသမ၃၃ စင်ကာပူဒေါ်လာ၊ တစ်ဂါလန်မြန်မာငွေညီမျှ ၅၅၅၂ ကျပ်၊ အင်္ဂလန်မှာ တစ်လီတာ ၁ဒသမ ၀၅၄ ပေါင်စတာလင်၊ တစ်ဂါလန် မြန်မာငွေညီမျှ ၁၃၁၁၂ ကျပ်၊ ဟောင်ကောင်မှာ တစ်လီတာ ၉ဒသမ ၇၂ဟောင်ကောင်ဒေါ်လာ၊ တစ်ဂါလန်မြန်မာငွေညီမျှ ၅၆၄၈ကျပ်၊ ကိုရီးယားမှာ တစ်လီတာ ၁၅၁၂၀ဝမ်၊ တစ်ဂါလန်မြန်မာငွေညီမျှ ကျပ် ၉၉၉၀၊ အမေရိကန်မှာ တစ်ဂါလန် ၃ဒသမ ၁၉ဒေါ်လာ မြန်မာငွေညီမျှ ၄၁၁၅ ကျပ်ဖြစ်လို့ တိုးမြှင့်သတ်မှတ်လိုက်တယ်ဆိုတဲ့ တစ်ဂါလန် ကျပ် ၃၀၀၀နဲ့ပဲကြည့်ကြည့်၊ ပြင်ပပေါက်ဈေး ကျပ် ၄၆၀၀၊ ကျပ် ၅၅၀၀ နဲ့ပဲကြည့်ကြည့် သက်သာသေးတာတွေ့ရမှာပါ။

**ပြည်တွင်းစက်သုံးဆီဈေးမြှင့်လိုက်တဲ့ သြဂုတ်လ ၁၄ရက်နေ့မှာ ကမ္ဘာ့ရေနံဈေးကိုကြည့်လျှင် ရေနံစိမ်းတစ်စည် ၇၁ ဒသမ ၉၅ ဒေါ်လာနှင့် ဒီဇယ်ဆီ ၈၁ ဒသမ ၁၄ဒေါ်လာရှိရာမှ နိုဝင်ဘာလ ၂၆ရက်နေ့က ရေနံစိမ်းတစ်စည် ၉၉ဒသမ ၀၄ဒေါ်လာနှင့် ဒီဇယ် ၁၁၀ ဒသမ ၁၉ ဒေါ်လာအထိ တိုးလာပါတယ်။ နိုင်ငံတော်က ဆက်လက်အရှုံးခံထားပေးတာ တွေ့ရမှာဖြစ်ပါတယ်။**

ဒါတွေကြည့်ရင် အဲဒီနိုင်ငံတွေမှာ တစ်ဒေါ်လာနဲ့ ဘယ်လိုနေထိုင်စားသောက်နိုင်ပါ့မလဲ။ အလျဉ်းသင့်လို့ လက်လှမ်းမီရာ နိုင်ငံအချို့၏ လူလတ်တန်းစားတစ်ဦး တစ်ရက်မဖြစ်မနေသုံးရတဲ့ အသုံးစရိတ်စစ်တမ်းနှင့် နှိုင်းယှဉ်ကြည့်လျှင်–

| | | | | | |
|---|---|---|---|---|---|
| ဗီယက်နမ် | ၅.၉၇ | ဒေါ်လာ | ကျပ်ညီမျှ | ၇၇၀၈.၆၉ | ကျပ် |
| မလေးရှား | ၂၉.၄၆ | ဒေါ်လာ | ကျပ်ညီမျှ | ၃၈၀၀၂.၀၀ | ကျပ် |
| ဟောင်ကောင် | ၃၃.၃၂ | ဒေါ်လာ | ကျပ်ညီမျှ | ၄၂၉၈၁.၆၇ | ကျပ် |
| ဂျပန်(တိုကျို) | ၅၃.၂၈ | ဒေါ်လာ | ကျပ်ညီမျှ | ၆၈၇၃၁.၀၀ | ကျပ် |
| ဂျပန်(အိုဆာကာ) | ၃၅.၅၂ | ဒေါ်လာ | ကျပ်ညီမျှ | ၄၅၈၂၀.၈၀ | ကျပ် |
| ပြင်သစ် | ၁၀၇.၉၉ | ဒေါ်လာ | ကျပ်ညီမျှ | ၁၃၉၃၀၇.၁၀ | ကျပ် |
| ကိုရီးယား | ၅၀.၅၆ | ဒေါ်လာ | ကျပ်ညီမျှ | ၆၅၂၂၂.၄၀ | ကျပ် |
| **မြန်မာ(မြို့ပြ)** | **၀.၉၇** | **ဒေါ်လာ** | **ကျပ်ညီမျှ** | **၁၂၆၀.၇၀** | **ကျပ်** |
| **(ကျေးလက်)** | **၀.၅၃** | **ဒေါ်လာ** | **ကျပ်ညီမျှ** | **၆၈၂.၉၁** | **ကျပ်** |

ဒီတော့ ရှင်းနေတာပဲ။ မြန်မာတွေဘာကြောင့် ဈေးချိုချို သက်သက်သာသာ နေနိုင်စားနိုင်တယ်ဆိုတာ ရှင်းနေတာပဲ။ ဟိုဓာတ်မြေသြဇာ တီဗွီကြော်ငြာထဲကလို "ကဲ–ဒါဆို ဦးကြီး ဘာလိုသေးလဲဗျာ" ဆိုတဲ့ သဘောပါပဲလို့ ပြောကြားလိုပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ အင်္ဂလန်နိုင်ငံရဲ့ နေထိုင်စားသောက်စရိတ်ကြီးမြင့်လာမှု ဆန်းစစ်ချက်တစ်ခုဖတ်မိတာ ဖောက်သည်ချလိုပါတယ်။ အမျိုးသားစာရင်းအင်းရုံး၏ ထုတ်ပြန်ချက်ကို အရင်းအတိုင်း ဖောက်သည်ချရလျှင် စားသောက်ကုန်တွင် နို့တစ်ပိုင့်လျှင် ၃၃ဒသမ ၅ ပဲနိဖြင့် ၁၂ ရာခိုင်နှုန်းခုန်တက်လာပြီး ထောပတ်ဈေးနှုန်းမှာလည်း ၁၈ ရာခိုင်နှုန်းထိ ယခင်လကထက် မြင့်မားလာခဲ့ကြောင်း၊ လှီးထားသည့် ပေါင်မုန့်တစ်ထုပ်လျှင် မကြုံစဖူး စတာလင်ပေါင်(၉)ပဲနိကနေ ၁ ဒသမ ၂ စတာလင်ပေါင် စံချိန်တင်ခဲ့ကြောင်းနှင့် နောက်ထပ် (၄)ပဲနိခန့်တက်ရန် တာစူနေကြောင်း၊ ပဲတောင့်ရှည် တစ်ကီလိုလျှင် ၁ ဒသမ ၉ စတာလင်ပေါင်မှ ၁ ဒသမ ၉၇ စတာလင်ပေါင်၊ ကြက်ဥ တစ်ဒါဇင်လျှင် ၁ ဒသမ ၆၂ စတာလင်ပေါင်မှ ၂ ဒသမ ၃၅၊ လိမ္မော်သီးဖျော်ရည် တစ်လီတာလျှင် ၇၃ ပဲနိမှ ၈၈ ပဲနိထိ ပိုမြင့်တက်သွားကြောင်း၊ အင်္ဂလန်နေ စားသုံးသူလူထုမှာ စားသောက်ကုန်ဈေးနှုန်းကြီးမြင့်မှု ဒဏ်ကို ခံစားနေရပါတယ်။ အစားအသောက်ကုန်ကျစရိတ်ကို ယခင်နှင့်နှိုင်းစာလျှင် ၉၇၁ စတာလင်ပေါင်ကျော်ထိ တိုးမြှင်သုံးစွဲနေရကြောင်း၊ ဓာတ်ဆီဈေးနှုန်းဟာလည်း တစ်လီတာလျှင် တစ်စတာလင်ပေါင်ကျော်ထိ တိုးမြှင့်ရောက်ရှိလာကြောင်း၊ နေအိမ်၊ ကား၊ ပစ္စည်းအကြွေးဝယ်ယူမှုများအတွက် ပေးချေရမှုနှင့် အကြွေးကတ် (Credit Card) သုံးစွဲရမှုအတွက် ပေးချေရမှုများအတွက်ပါ မြင့်မားလာမှုနှင့် ကြုံတွေ့နေရကြောင်း လေ့လာချက်မှာ ဖော်ပြထားပါတယ်။

အင်္ဂလိပ်တွေအနေဖြင့် ဖော်ပြပါ အခက်အခဲများအပြင် အစိုးရအခွန်များ မြင့်မားလာမှု၊ အဆက်မပြတ် မြင့်မားလာမည့် ပေါင်နှံမှု အတိုးနှုန်းထားများနှင့်ပါ ကြုံတွေ့နေရကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဗြိတိန်နိုင်ငံရှိ Panmure Gordon လုပ်ငန်းကြီးမှ အစားအသောက်များ လေ့လာအကဲဖြတ်သူ Andrew Saunders က ဒီလို အစားအသောက်ကုန်ဈေးနှုန်းများ ဖောင်းပွမှုကို ယခင်က တစ်ကြိမ်မျှ မြင်တွေ့ခဲ့ဖူးခြင်းမရှိကြောင်း၊ ယခုအခါ ပစ္စည်းထုတ်လုပ်မှု ကုန်ကျစရိတ်များ မြင့်တက်လာမှုအားလုံးဟာ လက်လီဈေးသည်များထံသို့ တိုက်ရိုက်ကူးပြောင်း ရောက်ရှိသွားပြီး ထိုသူများက စားသုံးသူများထံသို့ ချက်ချင်းပင် လွှဲပြောင်းလိုက်သည်ကို တွေ့မြင်ရကြောင်း မှတ်ချက်ပြုထားပါတယ်။ Capital Economics မှ Vicky Redwood ကလည်း စားသုံးသူများသည် ဈေးနှုန်းမြင့်မားလာမှုကို အံ့အားသင့်စွာ လက်ခံကြုံတွေ့နေရကြောင်း ပြောကြားပါတယ်။ အင်္ဂလန်နိုင်ငံ ကုန်ပစ္စည်းဈေးနှုန်းများ ဖောင်းပွမြင့်မားလာမှုဟာ စားသောက်ကုန်များဈေးသက်သာစွာဖြင့် ရရှိခဲ့သည့် ခေတ်ကာလကုန်ဆုံးခဲ့ပြီဆိုသည့် စီးပွားရေးပညာရှင်များ၏ သတိပေးချက်အား အတည်ပြုပေးလိုက်ခြင်း ဖြစ်သည်ဟု သုံးသပ်ကြပါသည်။

**မြန်မာနိုင်ငံရဲ့ ဈေးနှုန်းနဲ့ပတ်သက်လို့ ကျွန်တော်တို့ သတိပြုရမှာက ပြည်တွင်း ဆန့်ကျင်ဘက်နိုင်ငံရေးပါတီများရဲ့ သွေးထိုးလှုံ့ဆော်မှုနဲ့ မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံကြီးအချို့ရဲ့ လွဲမှားတဲ့ စီးပွားရေးပိတ်ပင်တားဆီးမှုများကြောင့် ကမ္ဘာ့ဘဏ် စသည့် ဘဏ်တို့မှ ငွေရေးကြေးရေး အကူအညီများ ပိတ်ပင်ခြင်း၊ နိုင်ငံခြားငွေ ဖြတ်သန်းမှုပိတ်ဆို့ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို တားဆီးခြင်း၊ ကမ္ဘာလှည့်ခရီးသွားလာရောက်မှုနည်းပါးစေရန် လှုံ့ဆော်ခြင်းများဖြင့် စီးပွားရေးတိုးတက်မှုကို ထိခိုက်စေပြီး ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို ပျက်ပြားစေတာကတော့ အမှန်ပါပဲ။ ဒီလိုပြည်သူများကို ဆူပူမှုများတွင် ပါဝင်လာဖို့ ကုန်ဈေးနှုန်းကို ပစ်မှတ်ထားကာ ဆောင်ရွက်လာတာမျိုးရှိနေပါတယ်။ ပြည်သူများက တည်ငြိမ်မှု၊ လုံခြုံမှု၊ အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို လိုလားကြတာကို ပြီးခဲ့သည့် စက်တင်ဘာလက လှုံ့ဆော်မှုတွင် ပါဝင်ပတ်သက်ခြင်းမရှိခဲ့သည်ကို ကြည့်လျှင် သိသာပါတယ်။**

မြန်မာလူမျိုးများဟာ မြန်မာ့ရေမြေတောတောင်သဘာဝနှင့်အညီ ဖြစ်ပေါ်သော ကုန်ဈေးနှုန်းများဖြင့် ချိုသာစွာ စားသောက်နေထိုင်နေကြောင်း အကြွားမပိုဘဲ အရင်းအတိုင်း ပြန်ကြားလိုပါကြောင်းနှင့် နေပျော်ပါသည် မြန်မာပြည်လို့ ဆိုရပါစေလား။ ။

# နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြု

ခုတင်(၂၀၀)ဆံ့ သင်ကြားရေးဆေးရုံသစ်ကြီး (မကွေး)ကို နိုဝင်ဘာ ၁၈ ရက်က မကွေးတိုင်း မကွေးမြို့တွင် ဖွင့်လှစ်ပေးခဲ့ရာ မြန်မာနိုင်ငံ အလယ်ပိုင်းမှ ပြည်သူများ ကျန်းမာရေး စောင့်ရှောက်မှု အပြည့်အဝ ရရှိပြီ ဖြစ်သည်။

ဆေးဝါးတက္ကသိုလ်(ရန်ကုန်) ပင်မစာသင်ဆောင်သစ်ကို နိုဝင်ဘာ ၂၅ရက်က ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ်တွင် ဖွင့်လှစ်ပေးခဲ့ရာ ကျောင်းသားလူငယ်များ ဆေးပညာသင်ယူမှု အခွင့်အလမ်း အပြည့်အဝရရှိကြပြီဖြစ်သည်။

## ၂၀၀၇ခုနှစ် နိုင်ငံတစ်ဝန်း ကျန်းမာရေးကဏ္ဍ အောင်မြင်တိုးတက်မှု မှတ်တမ်း

| စဉ် | အမည် | တည်နေရာ | ဖွင့်သည့်နေ့ |
|---|---|---|---|
| ၁ | အဖျောက်မြို့ တိုက်နယ် ပြည်သူ့ဆေးရုံ ခုတင်မှန်ဆောင်ဖွင့် | ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့ | ၈-၂-၂၀၀၇ |
| ၂ | မိုးကုတ်ဆေးရုံ | မန္တလေးတိုင်း၊ မိုးကုတ်မြို့ | ၇-၃-၂၀၀၇ |
| ၃ | ပြည်သူ့ဆေးရုံ (ငွေဆောင်) | ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင် ငွေဆောင် | ၁၅-၃-၂၀၀၇ |
| ၄ | သရက်ကုန်း တိုက်နယ်ဆေးရုံ | ပဲခူးတိုင်း၊ ကဝမြို့နယ် သရက်ကုန်း | ၂၃-၃-၂၀၀၇ |
| ၅ | ပြည်သူ့ဆေးရုံတိုးချဲ့ လူနာဆောင်၊ခွဲစိတ်နှင့် သားဖွားနှစ်ထပ်ဆောင် | မွန်ပြည်နယ်၊ ရေးမြို့ | ၃-၄-၂၀၀၇ |
| ၆ | ပြည်သူ့ကျန်းမာရေး တက္ကသိုလ်(ရန်ကုန်) | ရန်ကုန်တိုင်း၊ ရန်ကုန်မြို့ | ၁၆-၇-၂၀၀၇ |
| ၇ | အမျိုးသမီးနှင့်ကလေး အထူးကုဆေးရုံကြီး သုံးထပ်ဆောင်သစ် | ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ | ၂၂-၇-၂၀၀၇ |
| ၈ | သင်ကြားရေးဆေးရုံ သစ်ကြီး(မကွေး) | မကွေးတိုင်း၊ မကွေးမြို့ | ၁၈-၁၁-၂၀၀၇ |
| ၉ | ဆေးဝါးတက္ကသိုလ် ရန်ကုန်(ပင်မ) စာသင်ဆောင်ဖွင့် | ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ် | ၂၅-၁၁-၂၀၀၇ |
| ၁၀ | တောင်ငူအထွေထွေ ရောဂါကုဆေးရုံကြီး မျက်စိ၊နား၊နှာခေါင်း၊ လည်ချောင်းကုသဆောင် | ပဲခူးတိုင်း၊ တောင်ငူမြို့ | ၇-၁၂-၂၀၀၇ |

ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံသစ်ကြီး (ကျိုင်းတုံ)ကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် ဖွင့်လှစ်ပေးခဲ့ရာ ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။

တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)ကို မန္တလေးတိုင်း မန္တလေးမြို့တွင် ခံ့ညားထည်ဝါစွာဖွင့်လှစ်ပေးထားပြီး တိုင်းရင်းဆေးပညာများ သင်ကြားပေးလျက်ရှိသည်။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# မြန်မာ့လွတ်လပ်ရေးနှင့် မြန်မာတို့၏ သမိုင်းပေးတာဝန်

လွတ်လပ်ပြီး အချုပ်အခြာ အာဏာပိုင်ဆိုင်ခြင်းသည် ကမ္ဘာ့ ဥပဒေပညာရှင်များ၊ နိုင်ငံရေး သိပ္ပံပညာရှင်များ သတ်မှတ်စံထားသည့် နိုင်ငံတစ်ခု၏ အင်္ဂါရပ်နှင့် ကိုက်ညီရပေသည်။ ပညာရှင်တို့က နိုင်ငံတကာ မျက်နှာစာတွင် မားမားမတ်မတ် ရပ်တည်နိုင်သည့် နိုင်ငံတစ်ခုဖြစ်လာရန် (၁) နိုင်ငံနယ်နိမိတ်(Territory)ရှိရမည်။ (၂) လူဦးရေဟုဆိုရမည့် နိုင်ငံသားများ(Population)ရှိရမည်။ (၃)အစိုးရ (Government)ရှိရမည်။ (၄) အချုပ်အခြာအာဏာ (Sovereignty) ပိုင်ဆိုင်သည့် နိုင်ငံလွတ်လပ်ခြင်း (Independence)ရှိရမည်ဟုဆိုထားကြသည်။

**မြန်မာနိုင်ငံသည် မိမိတို့ပိုင် နိုင်ငံနယ်နိမိတ်ရှိသည်။ ပုဂံပြည့်ရှင် အနော်ရထာမင်းက ပြန့်ကျဲနေသော ဒေသများကို ပြန်လည်စုစည်းကာ ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ တောင်ငူကို အခြေပြုကာ ဘုရင့်နောင်မင်းတရားက အစည်းပြေနေသော ဒေသများကို ပြန်လည်စုစည်း၍ ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ ရွှေဘို (ကုန်းဘောင်) ဦးအောင်ဇေယျ (အလောင်းမင်းတရား)က တတိယ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ကာ မြန်မာနိုင်ငံ၏ ပိုင်နက်နယ်မြေ (နိုင်ငံနယ်နိမိတ်) ကို အခိုင်အမာ သတ်မှတ်ထူထောင်ခဲ့သည်။**

အလောင်းမင်းတရား ပြန်လည်စုစည်းတည်ထောင်ခဲ့သည့် တတိယ မြန်မာနိုင်ငံတော်ကြီး အင်အားနည်းပါးချိန်တွင် ဗြိတိသျှနယ်ချဲ့သမားတို့က နယ်ချဲ့ကျူးကျော်သိမ်းပိုက် ခြယ်လှယ်သွေးစုပ်ခဲ့သဖြင့် မြန်မာတိုင်းရင်းသားတို့က အသက်၊ သွေး၊ ချွေးရင်းနှီးပြီး မူလမြန်မာ့နယ်နိမိတ်ကို တစ်စွန်းတစ်စမကျန် လွတ်လပ်အောင် ပြန်လည် တိုက်ယူခဲ့သည်။ ထို့ကြောင့် **ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် (၁) နိုင်ငံနယ်နိမိတ် အထင်အရှား အခိုင်အခံ့ရှိသည်။ (၂) တိုင်းရင်းသားလူမျိုး တစ်ရာကျော်၏ အပေါင်းအစုဖြစ်သည့် ၅၆ သန်းကျော်သော ပြည်သူ (နိုင်ငံသားလူဦးရေ)အတိအကျ ရှိသည်။ (၃)လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းမှစ၍ မြန်မာနိုင်ငံတွင် မြန်မာအစိုးရများသာအဆင့်ဆင့်၊ အဆက်ဆက်တာဝန်ယူခဲ့သည်။ (၄) လုံးဝလွတ်လပ်သော (အမှီအခိုကင်းသော)(Independent) ပြည်ထောင်စုနိုင်ငံ၊ အချုပ်အခြာအာဏာ အပြည့်အဝပိုင်ဆိုင်သောနိုင်ငံဖြစ်သည်။ ထို့ကြောင့် လည်း မြန်မာနိုင်ငံသည်ကမ္ဘာ့အလယ်၌ မားမားမတ်မတ် ရပ်တည်နေသော နိုင်ငံ၊ နိုင်ငံအင်္ဂါရပ် လေးခုစလုံးနှင့် ကိုက်ညီ ပြည့်ဝသောနိုင်ငံ၊ နိုင်ငံတစ်ခု ၏ ဥပဓိရုပ်အပြည့်ရှိသော နိုင်ငံဖြစ်သည်။**

အချုပ်အခြာအာဏာပိုင်ဆိုင်ခြင်း၊ လွတ်လပ်ခြင်း၊ တစ်နည်းအားဖြင့် လူများစုကြီး၏ဆန္ဒနှင့်အညီ ဒီမိုကရေစီပိုင်ခြင်း၊ လူ့အခွင့်အရေးစံနှင့် ကိုက်ညီခြင်းတို့သည် လွတ်လပ်သော နိုင်ငံတစ်ခု၏ ဂုဏ်ဒြပ်ပင်ဖြစ်သည်။ အချုပ်အခြာအာဏာ ပိုင်ဆိုင်ခြင်းဆိုသည်မှာ မိမိတို့နိုင်ငံ၊ မိမိတို့နိုင်ငံသား ပြည်သူတို့၏ ကောင်းကျိုးကို

## တက္ကသိုလ်မြတ်သူ

လွတ်လပ်စွာ ဖော်ဆောင်ခွင့် (ဝါ) ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရှိခြင်းပင် ဖြစ်သည်။

လွတ်လပ်သောနိုင်ငံတိုင်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ပဋိညာဉ် စာချုပ်ပါမူများကို ခံစားနိုင်ပြီး လိုက်နာရန်တာဝန်ခံ (ပဋိညာဉ်ပြု)ပြီး အဖွဲ့ဝင်ဖြစ်နိုင်ကြသည်။ ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ကြီး၌ နိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ကျန်နိုင်ငံအားလုံးက အသိအမှတ်ပြု လေးစားရန်၊ နိုင်ငံကြီးသည် ငယ်သည်မဟူ တန်းတူရည်တူဆက်ဆံပြီး ကုလသမဂ္ဂတွင် တစ်နိုင်ငံ ဆန္ဒမဲတစ်မဲသာပေးရန်၊ တစ်နိုင်ငံ၏ ပိုင်နက်နယ်မြေကို ကျူးကျော်ခြင်းမပြုရန်၊တစ်နိုင်ငံ၏ပြည်တွင်းရေးကို ကုလသမဂ္ဂအဖွဲ့ကြီး အပါအဝင် အခြားနိုင်ငံများက ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်၊ နိုင်ငံချင်းအငြင်းပွားလျှင် စစ်ရေးအသုံးမပြုဘဲ နိုင်ငံရေးစားပွဲဝိုင်း၌တွေ့ဆုံဆွေးနွေးဖြေရှင်းရန်၊ အဖွဲ့ဝင်နိုင်ငံတိုင်း ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရှိရန် ဖော်ပြပြဋ္ဌာန်းထားသည်။

နိုင်ငံတကာဥပဒေစံနှုန်းများကလည်း ထိုမူများကို ဖော်ညွှန်းထားသည်။ ယနေ့ ၁၁၈နိုင်ငံ စုစည်းမိနေသည့် ဘက်မလိုက်လှုပ်ရှားမှု၏ ၁၉၅၅ ခုနှစ် ဘန်ဒေါင်းကြေညာချက် (အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင် ကျင်းပသည့် ဘန်ဒေါင်းညီလာခံမှ ဆုံးဖြတ်ချမှတ်ထုတ်ပြန်) အခြေခံမူများကလည်း ကမ္ဘာ့ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ပါမူများနှင့် တူညီပေသည်။ အရှေ့တောင်အာရှဒေသရှိ နိုင်ငံဆယ်ခု ပေါင်းစုဖွဲ့စည်းထားသည့် အာဆီယံ (အရှေ့တောင်အာရှနိုင်ငံများအသင်း)၏ အခြေခံမူ၊ ရည်ရွယ်ချက်၊ ယခုရေးဆွဲပြဋ္ဌာန်းသည့် အာဆီယံပဋိညာဉ်စာချုပ်ကြီး၏ မူများကလည်း အဖွဲ့ဝင်တို့ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းလုံခြုံရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရေးမူများ၊ အဖွဲ့ဝင်နိုင်ငံတို့၏ ပြည်တွင်းရေးကို အဖွဲ့ကြီးက ဝင်ရောက်မစွက်ဖက်ရေးမူများ ပြည့်လျှမ်းလျက်ရှိပေသည်။

**မြန်မာနိုင်ငံသည် လွတ်လပ်ရေးပြန်လည်ရရှိသည့် ၁၉၄၈ ခုနှစ်မှာပင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံဖြစ်ခဲ့သည်။ ဘက်မလိုက်လှုပ်ရှားမှုကို စတင်ပျိုးထောင်ရာ၌လည်း မြန်မာနိုင်ငံပါဝင်ခဲ့ကာ ဘက်မလိုက် နိုင်ငံခြားရေးဝါဒ၊ ဘန်ဒေါင်းမူများကို လေးစားလိုက်နာခဲ့သည်။ အာဆီယံအဖွဲ့ကြီး၏ အဖွဲ့ဝင်နိုင်ငံလည်းဖြစ်သည်။**

**အချုပ်အခြာအာဏာကို ကျင့်သုံးကာ မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ သဘာဝ၊ လူမျိုးစရိုက်လက္ခဏာ၊ သမိုင်းအတွေ့အကြုံ၊ ပြည်သူအများစုဆန္ဒနှင့် ကိုက်ညီသော တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နှစ် ၄၀ ခန့် နိုင်ငံဖွံ့ဖြိုးရေးကို နှောင့်နှေးစေခဲ့သည့် ပြည်တွင်းသောင်းကျန်းမှုမီးကို ငြိမ်းသတ်ကာ ငြိမ်းချမ်းသော အနေအထားရယူနိုင်ခဲ့သည်။ အပိတ်အဆို့၊ အဟန့်အတား၊ အနှောင့်အယှက်၊ အဖျက်အမှောင့် လုပ်ရပ်များကြားမှ နိုင်ငံတော်တစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်အကောင်အထည်ဖော်နိုင်ခဲ့သည်။ ဤသည်မှာ တိုင်းရင်းသားစုံ ပြည်ထောင်စုသားများက ပြည်ထောင်စုအရသာ၊ လွတ်လပ်ရေးအရသာ အပြည့်အဝခံစားနိုင်ရေးအတွက် ကြိုးပမ်းဖော်ဆောင်မှုပင် ဖြစ်ပေသည်။**

နယ်ချဲ့သမားတို့လက်မှ ကျားကုတ်ကျားခဲ ပြန်တိုက်ယူထားရသော အချုပ်အခြာအာဏာ (ဝါ) လွတ်လပ်ရေးကိုလည်းကောင်း၊ တိုင်းရင်းသား ပြည်သူတို့၏ စည်းလုံးညီညွတ်မှုစွမ်းအား၊ တူညီသော မျိုးချစ်ပြည်ချစ် စိတ်ဓာတ်ကိုအခြေခံသည့် ပင်လုံစိတ်ဓာတ်(ဝါ)ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ထူထောင်ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုကြီးကိုလည်းကောင်း ထာဝရ တည်တံ့ ခိုင်မြဲ၍ သာယာဝပြောလာစေရန် မြန်မာတို့အစဉ်အလေးထား ကြိုးပမ်းခဲ့ကြသည်။ ဤသို့ လွတ်လပ်ရေးပြန်လည်ရရှိရန်နှင့် နိုင်ငံတော်ကြီး

ငြိမ်းချမ်းသာယာ ဝပြောလာစေရန်
သည့် တိုင်းရင်းသား စည်းလုံးညီ
နေစေရန်လည်း ဆွေချင်းသားချင်
ထုတ်ခဲ့ရသည်။

**မြန်မာတို့ ရရှိတည်တံ့ပြီးဖြစ်
တို့ သွေးစည်း တည်ဆောက်ခဲ့သော
ခဲ့သော တစ်မြေပေါ် အတူဖွား၊ သွေး
စည်းလုံးညီညွတ်မှုတို့ အစဉ်ထာဝရ
တို့၏ အမျိုးသားရေးတာဝန် သုံးရပ်
ပင်ဖြစ်သည်။**

မြန်မာနိုင်ငံတွင် စိုက်ပျိုးမြေ
မြေလပ်၊ မြေရိုင်း၊ ပလပ်မြေ၊
လျက်ရှိရာ နောက်ထပ် စိုက်ပျိုးမြေ
ထွန်းလာနိုင်သည့် အခြေခံကောင်း
ထက်ဝက်ခန့်မှာ အဖိုးတန်သစ်တော
ပတ္တမြားကျောက်သံ၊ စပါး
မြစ်ရေ၊ ချောင်းရေ၊ ကန်ရေ၊ ဆ
လည်း စိုက်ပျိုးမြေများကိုတာဝန်
အခြားသော ရွှေ၊ ငွေ၊ ကြေး၊
ခနောက်စိမ်း၊ ရေနံ သဘာဝဓာတ်

**မြန်မာတို့ရရှိတည
လွတ်လပ်ရေး၊ မြန်
တည်ဆောက်ခဲ့သော
သမိုင်းပြောင်ခဲ့သေ
အတူ ဖွား၊ သွေးသ
ရင်း သားတို့၏ စည်
အစဉ်ထာဝရတည်မြ
မြန်မာတို့၏ အမျိုး
သုံးရပ်(ဝါ) သမိုင်း
ပင်ဖြစ်သည်။**

စွဲမကုန် လုံလောက်ကြွယ်ဝသည်။ ငြ
ပြည်ထောင်စုတစ်ဝန်းလုံးကို လွှမ်
ယင်းအခြေအနေကောင်းများ
**သာယာ၊ ခေတ်မီဖွံ့ဖြိုး၍ စည်းကမ်း
ဖြစ်လာအောင် ဒီမိုကရေစီလမ်း
(၇)ရပ် ချမှတ်အကောင် အထည်
သော နိုင်ငံတိုင်းတွင် မရှိမဖြစ်လို
အခြေခံဥပဒေ ပေါ်ထွန်းရေးအတွ
အခြေခံမူများ၊ အသေးစိတ် အခြေ
ဆက်လက်၍လည်း ဒီမိုကရေစီနိုင်
ရှိအပ်သော အခင်းအကျင်းများ
မြောက် လုပ်ငန်းစဉ်ဖြစ်သော နိုင်ငံ
မူကြမ်းကို စတင်ရေးဆွဲနေကြပြီဖြ**
နိုင်ငံတော် ဖွဲ့စည်းပုံ အခြေ
ကော်မရှင်က အမျိုးသားညီလာခံမှ
အခြေခံကာ အခြေခံဥပဒေမူကြမ်း
ချပြပြီး ပြည်လုံးကျွတ် ဆန္ဒခံယူအ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ
ကျင်းပခြင်း၊ လွှတ်တော်ခေါ်ယူ ကျ
အစိုးရအဖွဲ့တို့ ရွေးကောက်တင်မြော
ပြီးပါက နိုင်ငံတော်သမ္မတနှင့် ပြ
ဦးဆောင်မှုဖြင့် အေးချမ်းသာယာပြီ
စည်းကမ်းပြည့်ဝသော နိုင်ငံတော်သ
တည်ဆောက်သွားနိုင်ကြပေမည်။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် (၁) နိုင်ငံနယ်နိမိတ် အထင်အရှား အခိုင်အခံ့ရှိသည်။ (၂) တိုင်းရင်းသားလူမျိုး တစ်ရာကျော်၏ အပေါင်းအစုဖြစ်သည့် ၅၆ သန်းကျော်သော ပြည်သူ (နိုင်ငံသားလူဦးရေ)အတိအကျရှိသည်။ (၃) လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းမှစ၍ မြန်မာနိုင်ငံတွင် မြန်မာအစိုးရများသာ အဆင့်ဆင့်၊ အဆက်ဆက်တာဝန်ယူခဲ့သည်။ (၄) လုံးဝလွတ်လပ်သော (အမှီအခိုကင်းသော) (Independent) ပြည်ထောင်စုနိုင်ငံ၊ အချုပ်အခြာအာဏာ အပြည့်အဝပိုင်ဆိုင်သောနိုင်ငံဖြစ်သည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်၌ မားမားမတ်မတ် ရပ်တည်နေသော နိုင်ငံ၊ နိုင်ငံအင်္ဂါရပ် လေးခုစလုံးနှင့် ကိုက်ညီ ပြည့်ဝသောနိုင်ငံ၊ နိုင်ငံတစ်ခု၏ ဥပဓိရုပ်အပြည့်ရှိသော နိုင်ငံဖြစ်သည်။**

ငြိမ်းချမ်းသာယာ ဝပြောလာစေရန်အတွက် စုစည်းလက်ယုက်ခဲ့သည့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုမကွဲ၊ ခိုင်မြဲကြံ့ခိုင်နေစေရန်လည်း ဆွေချင်းသားချင်း တိုင်းရင်းသားစုံတို့ အားထုတ်ခဲ့ရသည်။

**မြန်မာတို့ ရရှိတည်တံ့ပြီးဖြစ်သော လွတ်လပ်ရေး၊ မြန်မာတို့ သွေးစည်း တည်ဆောက်ခဲ့သောပြည်ထောင်စုနှင့် သမိုင်းပြောင်ခဲ့သော တစ်မြေပေါ် အတူဖွား၊ သွေးသားရင်းချာတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုတို့ အစဉ်ထာဝရတည်မြဲနေစေရေးသည် မြန်မာတို့၏ အမျိုးသားရေးတာဝန် သုံးရပ်(ဝါ) သမိုင်းပေးတာဝန်သုံးရပ်ပင်ဖြစ်သည်။**

မြန်မာနိုင်ငံတွင် စိုက်ပျိုးမြေဧက ၂၅သန်းကျော်ရှိပြီး မြေလွတ်မြေလပ်၊ မြေရိုင်း၊ ပလပ်မြေ၊ ရေနက်ကွင်းများကို ဖော်ထုတ်လျက်ရှိရာ နောက်ထပ် စိုက်ပျိုးမြေဧကသန်း ၂၀ ကျော် ပေါ်ထွန်းလာနိုင်သည့် အခြေခံကောင်းများရှိထားသည်။ နိုင်ငံမြေ၏ ထက်ဝက်ခန့်မှာ အဖိုးတန်သစ်တောများဖြင့် ဖုံးအုပ်လျက်ရှိသည်။ ပတ္တမြားကျောက်သံ၊ စပါး ကောက်နှံ ဖူလုံကြွယ်ဝသည်။ မြစ်ရေ၊ ချောင်းရေ၊ ကန်ရေ၊ ဆည်ရေ၊ မုတ်သုန်မိုးရေများကလည်း စိုက်ပျိုးမြေများကိုတာဝန်ယူ ရေပေးနိုင်သည်။ အခြားအခြားသော ရွှေ၊ ငွေ၊ ကြေး၊ သွပ်၊ သံ၊ အဖြိုက်နက်၊ ခနောက်စိမ်း၊ ရေနံ သဘာဝဓာတ်ငွေ့များကလည်း သုံးမကုန်

**မြန်မာတို့ရရှိတည်တံ့ပြီးဖြစ်သော လွတ်လပ်ရေး၊ မြန်မာတို့ သွေးစည်း တည်ဆောက်ခဲ့သောပြည်ထောင်စုနှင့် သမိုင်းပြောင်ခဲ့သော တစ်မြေပေါ် အတူ ဖွား၊ သွေးသားရင်းချာ တိုင်းရင်း သားတို့၏ စည်းလုံးညီညွတ်မှုတို့ အစဉ်ထာဝရတည်မြဲနေစေရေးသည် မြန်မာတို့၏ အမျိုးသားရေးတာဝန် သုံးရပ်(ဝါ) သမိုင်းပေးတာဝန်သုံးရပ် ပင်ဖြစ်သည်။**

စွဲမကုန် လုံလောက်ကြွယ်ဝသည်။ ငြိမ်းချမ်းရေးရောင်ခြည်ကလည်း ပြည်ထောင်စုတစ်ဝန်းလုံးကို လွှမ်းခြုံပေးနေသည်။

ယင်းအခြေအနေကောင်းများဖြင့် **မြန်မာတို့သည် အေးချမ်းသာယာ၊ ခေတ်မီဖွံ့ဖြိုး၍ စည်းကမ်းပြည့်ဝသော ပြည်ထောင်စုကြီး ဖြစ်လာအောင် ဒီမိုကရေစီလမ်းပြမြေပုံ(ခေါ်) ရှေ့လုပ်ငန်းစဉ် (၇)ရပ် ချမှတ်အကောင် အထည်ဖော်လျက်ရှိကြသည်။ လွတ်လပ်သော နိုင်ငံတိုင်းတွင် မရှိမဖြစ်လိုအပ်သည့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ထွန်းရေးအတွက် အမျိုးသားညီလာခံကြီးမှ အခြေခံမူများ၊ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ပြီးခဲ့ပြီ။ ဆက်လက်၍လည်း ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရာ၌ ရှိသင့်ရှိအပ်သော အခင်းအကျင်းများ ဖော်ဆောင်လျက်ရှိရာ တတိယမြောက် လုပ်ငန်းစဉ်ဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို စတင်ရေးဆွဲနေကြပြီဖြစ်သည်။**

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်က အမျိုးသားညီလာခံမှ ချမှတ်ပေးထားသောမူများကို အခြေခံကာ အခြေခံဥပဒေမူကြမ်း ရေးဆွဲပြီးသည်နှင့် ပြည်သူထံသို့ ချပြပြီး ပြည်လုံးကျွတ် ဆန္ဒခံယူအတည်ပြုမည်။ ထိုမှရှေ့ဆက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ရွေးကောက်ပွဲများ ကျင်းပခြင်း၊ လွှတ်တော်ခေါ်ယူ ကျင်းပကာ နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့တို့ ရွေးကောက်တင်မြှောက် ဖွဲ့စည်းခြင်းတို့ ဆောင်ရွက်ပြီးပါက နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စု လွှတ်တော်တို့၏ ဦးဆောင်မှုဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော နိုင်ငံတော်သစ်ကို အောင်မြင်စွာ အပြီးတိုင် တည်ဆောက်သွားနိုင်ကြပေမည်။

## နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သောစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတို့အတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး။

(င) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ဤသို့ဖြင့် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော တိုင်းရင်းသားစုံ ညီနောင်တို့၏ ပြည်ထောင်စုကြီး အစဉ်ထာဝရ ဖွံ့ဖြိုးသာယာ နေပေတော့မည်။ မြန်မာတို့ ရွှေခေတ်ရောက်ပြီဟု ကြွေးကြော်နိုင်ကြတော့မည်ဖြစ်သည်။ ဤသို့ မိမိနိုင်ငံ၏ ရေမြေ သယံဇာတနေဥစ္စာတို့ကို အရင်းတည်လျက် မိမိတို့တိုင်းရင်းသား ညီနောင်ချင်း ညီညွတ်စုစည်းသောလက်များဖြင့် ရွှေပြည်ထောင်စုကြီး တည်ဆောက်နိုင်ခြင်းသည် လွတ်လပ်ရေး၏အရသာ၊ လွတ်လပ်မှု၏ လုပ်ပိုင်ခွင့်၊ တစ်နည်းအားဖြင့် လွတ်လပ်သော မြန်မာပြည်ထောင်စုသားတို့၏ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ပင်ဖြစ်သည်။

**နိုင်ငံတစ်ခုတွင် (၁)နယ်နိမိတ်၊ (၂)နိုင်ငံသားလူဦးရေ၊ (၃)အစိုးရနှင့် (၄)အချုပ်အခြာအာဏာတို့ရှိလျှင် နိုင်ငံတစ်ခု၏ ဥပမိရုပ်နှင့် ကိုက်ညီပြီဟု ဆိုထားသည်။ အစိုးရတော့ရှိပါ၏။ သို့သော် ကိုယ့်လူမျိုး၊ ကိုယ့်အမျိုးသားအစိုးရမဟုတ်ဘဲ တိုင်းတစ်ပါးသား နိုင်ငံခြားသားအစိုးရဖြစ်နေလျှင် ယင်းနိုင်ငံသည် ကျွန်နိုင်ငံဖြစ်နေပေမည်။ ယင်းသို့သောကာလတွင်မူလနိုင်ငံသားတို့သာ ပိုင်ဆိုင်အပ်သည့် အချုပ်အခြာအာဏာ၊ နိုင်ငံသားတို့၏ မူလအခွင့်အရေးများနှင့် နိုင်ငံရှိ ရေမြေထွက်ကုန်သယံဇာတ ဓနဥစ္စာများလည်း ထိုတိုင်းခြားသား(နယ်ချဲ့သမား)လက်ထဲသို့ ကျရောက်သွားပြီဖြစ်သည်။**

ထို့အတူ တိုင်းခြားသားတို့၏ အစီအမံဖြင့် နိုင်ငံတစ်ခုတွင် တိုင်းခြားသားဩဇာခံ ပုဆိန်ရိုးအစိုးရတက်လာလျှင် ထိုအစိုးရသည် ရုပ်သေးအစိုးရမျှသာဖြစ်ပေမည်။ ရုပ်သေးအစိုးရတို့၏ နောက်ကွယ်တွင် ရုပ်သေးကြိုးဆွဲတိုင်းခြားသားတို့ကကြိုးကိုင်ခြယ်လှယ်စိုးမိုးကာသွေးစုပ်ကြပေမည်။ သွယ်ဝိုက်သောနည်း (ကိုလိုနီပုံစံသစ်)ဖြင့် ကျွန်ပြန်ဖြစ်ကြရမည့် အခြေအနေပင်ဖြစ်သည်။ ထို့ကြောင့် **လွတ်လပ်သောနိုင်ငံတိုင်းမှ နိုင်ငံသားတိုင်းသည် မိမိတို့နိုင်ငံ နယ်နိမိတ် ကျူးကျော်သိမ်းပိုက်မခံရစေရန်၊ နိုင်ငံမြေဖဲ့ထုတ် ခွဲထွက်မခံရစေရန် အစဉ်ကာကွယ်နေရပေမည်။ နိုင်ငံသားအားလုံး အချုပ်အခြာအာဏာလက်လွှတ်ဆုံးရှုံးခံရပြီး ကျွန်သပေါက်ဘဝ မကျရောက်စေရန် မျိုးချစ်စိတ်ဓာတ်၊ ဇာတိသွေး၊ ဇာတိမာန်ဖြင့် တွန်းလှန်တိုက်ခိုက်ကြရပေမည်။ နိုင်ငံနှင့်နိုင်ငံသားတို့၏ ကောင်းကျိုးချမ်းသာကို ဖော်ဆောင်စီမံပေးမည့် နိုင်ငံအစိုးရသည်လည်း မည်သူ့ဩဇာမျှမခံသော မိမိတို့နိုင်ငံသား အမျိုးသားအစိုးရသာဖြစ်ရပေမည်။ အချုပ်အခြာအာဏာကိုလည်း မိမိတို့နိုင်ငံသားအားလုံး၏ အသက်ဝိညာဉ်ကဲ့သို့ ခံယူပြီး ကာကွယ်စောင့်ရှောက်နေရပေမည်။ အချုပ်အခြာအာဏာကို ချုပ်ကိုင်ထုတ်ယူခံရသောနေ့သည် လွတ်လပ်သောပြည်သူတို့ အသက်ဝိညာဉ်(ဝါ) လွတ်လပ်စွာနေထိုင် ဆောင်ရွက်ကြိုးပမ်းခွင့်များ ဆုံးရှုံးသောနေ့ဖြစ်သည်။**

ထို့ကြောင့် မိမိတို့၏ လွတ်လပ်ရေးကို သက်စွန့်ကြိုးပမ်း တိုက်ယူပေးသွားသော မျိုးချစ်မိဘဘိုးဘွားများ၏ မျက်နှာကိုထောက်ထား လျက် ယနေ့ တိုင်းရင်းသားပြည်သူတို့ ကောင်းကျိုးချမ်းသာကို မျက်နှာမူပြီး အဖျက်ရန်ဟူသမျှရင်ဆိုင်ကာ မြန်မာ့သမိုင်းအစဉ်အလာကို ထိန်းသိမ်းရင်း ကိုယ့်ပြည်ထောင်စု၊ ကိုယ့်လွတ်လပ်ရေးကို စောင့်ရှောက်ထိန်းသိမ်းကာကွယ်ရမည့်တာဝန်သည် မြန်မာ့လွတ်လပ်ရေးလမ်းစဉ် (ဝါ) မြန်မာတို့၏ သမိုင်းပေးတာဝန်ဖြစ်ကြောင်းပါခင်ဗျား။ ။

## မြန်မာဟူသည် နွယ်သာကီ

☆ ပုဂံပင်းယ၊ အင်းဝတောင်ငူ
နှောင်းမှ ညောင်ရမ်း၊ ကုန်းဘောင်နန်းတိုင်
တင့်လျှမ်းဝေစည် မင်းနေပြည်နှင့်. . .
ရောင်ခြည်လင်းဖြာ၊ သာသနာနှင့်. . .
လယ်ယာဆည်ချောင်း၊ ရေမြေကောင်းနှင့်. . .
သောင်းတိုက်လွှမ်းကျော်၊ အောင်တပ်တော်နှင့်. . .
ဆီသော်ရေချိုး၊ ဆေးရိုးမီးလှို
တောင်ပုံစပါး၊ ကြွယ်ဝပွားလျက်
တင့်ကြွားဟန်ချီ နွယ်သာကီ။

☆ ဇာတိပုညဂုဏ်မာနနှင့်
တက်ကြွညီညာ၊ ထက်သန်စွာလျှင်
စဉ်လာမညှိုး၊ ဂုဏ်သိန်တိုးလျက်
တန်ခိုးဘုန်းသစ်၊ ထောင်ချီနှစ်တိုင်
ကျစ်လျစ်ခိုင်ကျည် နွယ်သာကီ။

☆ တစ်ကွေ့တစ်ကြိမ်
မှေးမှိန်စွန်းညစ်၊ သူ့ကျွန်ဖြစ်လည်း
နှံ့နှစ်မခံ၊ တွန်းတော်လှန်လျက်
မျိုးမာန်စွမ်းစ၊ သီအောင်ပြခဲ့
အာဂဇာနည် နွယ်သာကီ။

☆ အမျိုးဘာသာ၊ သာသနာနှင့်
ရိုးရာထုံးစံ၊ ကောင်းမွေခံလျက်
"မြန်မာ"ဟူကြွား၊ ကမ္ဘာကြွားမျှ
လေးစားဂုဏ်မြောက်၊ အံ့ချီးလောက်သည်
ထွန်းတောက်အစွန့်ရှည် နွယ်သာကီ။

☆ ပြည်၏အကျိုး၊ အမျိုးသိက္ခာ
သာသနာကျေးဇူး၊ အထူးထူးကို
ရည်စူးနှင်းအပ်၊ ကျေပွန်လတ်သည့်
သားမြတ်သားကောင်း၊ သူရဲကောင်းတို့
ထောင်သောင်းသိန်းသန်း၊ လက်ဆင့်ကမ်းလျက်
ကြိုးပမ်းပေးဆပ်၊ အသက်ထပ်၍
စောင့်ကြပ်ကွယ်ကာ၊ ထိန်းသိမ်းလာခဲ့
ဒို့ရွာဒို့တိုင်း၊ ဒို့သမိုင်းကို
မရိုင်းစေရေး၊ ညီညွတ်သွေးဖြင့်
ရေးဖွဲ့မော်ကွန်း၊ သိစေညွှန်းအံ့
ကျွန်းဇမ္ဗူဒီပါ၊ တောင်လက်ယာဝယ်
ဩဘာနိမိတ်၊ အောင်အတိတ်နှင့်
အောင်ဟိတ်ဝေဖြာ၊ ထင်ရှားပါသည်
"မြန်မာ"ဟူသည် နွယ်သာကီ။
ဇာတိစဉ်လာ ဂုဏ်ဝင့်ချီ။
ကမ္ဘာတည်မည့် မျိုးဂုဏ်ရည်။ ။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်

ဇော်မင်းမင်းဦး

# တိရစ္ဆာန်ကူးစက်ရောဂါထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်ရန် လက်မှတ်ရေးထိုး

ရန်ကုန် ဒီဇင်ဘာ ၂၉

**ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့အကြား တိရစ္ဆာန်ကူးစက်ရောဂါထိန်းချုပ်ရေးအဆင့်(၂) စီမံကိန်း (JICA Animal Disease Control Project Phase II) ပူးပေါင်းဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုးပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Ms. Michiko Umezaki တို့က အမှာစကားပြောကြားသည်။**

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်တို့က တိရစ္ဆာန်ကူးစက်ရောဂါထိန်းချုပ်ရေးအဆင့်(၂) စီမံကိန်း ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြသည်။

အဆိုပါ သဘောတူညီချက်အရ နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သော OIE, FAO, ASEAN, USAID, AUSAID, EU တို့နှင့် ပူးပေါင်း၍ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံတို့ ပါဝင်သည့် ဒေသအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ အပါအဝင် တိရစ္ဆာန်ကူးစက်ရောဂါ ငါးမျိုး ကူးစက်ပျံ့နှံ့မှု ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအတွက် ဓာတ်ခွဲခန်းများ ထူထောင်အဆင့်မြှင့်တင်ခြင်း၊ ရောဂါကာကွယ်ထိန်းချုပ်မှုဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းဖလှယ်ခြင်း၊ မွမ်းမံသင်တန်းများပေးခြင်းတို့အတွက် ဂျပန်ယန်းငွေ ၁၀၂ သန်းနှင့် ညီမျှသော အထောက်အပံ့များ ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Ms. Michiko Umezaki တို့ တိရစ္ဆာန်ကူးစက်ရောဂါထိန်းချုပ်ရေးအဆင့်(၂) စီမံကိန်းပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)

**၁၉၇၄-၈၂ ဆေးတက္ကသိုလ်(၂) ရန်ကုန် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ငွေရတုအထိမ်းအမှတ်နှင့် ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၃ရက် (တနင်္ဂနွေနေ့)က ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြစဉ်။** (က-ပ)

**ပဲခူးမြို့ နန်းတော်ရာရပ် ဥသ္သာသီရိ (၇)လမ်းရှိ စစ်ကောင်းစာကြည့်တိုက် နှစ်ပတ်လည်အထိမ်းအမှတ်စာကြည့်တိုက် ရန်ပုံငွေလှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက်က ကျင်းပရာ ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှက စာကြည့်တိုက်မှတ်ပုံတင် လက်မှတ်ကို စာကြည့်တိုက် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းစိန်ထံ ပေးအပ်စဉ်။** (ခရိုင် ပြန်/ဆက်)

**ဒီဇင်ဘာ ၂၃ ရက်က မော်ဘီ အထက(၂) ပထမအကြိမ် အာစရိယပူဇော်ပွဲကို မေတ္တာရောင်ပြန်ခန်းမ၌ ကျင်းပစဉ်။** (ပညာရေး)

# စာဆိုတော်နေ့အထိမ်းအမှတ် စာအုပ်ဈေးပွဲတော် ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၆၉ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာအုပ်ဈေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်ဥယျာဉ်ကမ္ဘာ မုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ စာအုပ်ဈေးပွဲတော်ကျင်းပရေးကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီဝင်များ၊ ကန်တော်ကြီး ကရဝိက်ဥယျာဉ်ကမ္ဘာနှင့် ဆက်စပ်မြို့နယ်များမှ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ စာအုပ်ဆိုင်ရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စာအုပ်ဈေးပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်း (မြင့်သိန်းအောင်)က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးတို့က စာအုပ်ဈေးပွဲ တော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် တာဝန်ရှိသူများသည် စာအုပ်ဈေးပွဲတော်၌ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

၁၃၆၉ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာအုပ်ဈေးပွဲတော်တွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်တို့ အပါအဝင် ပုဂ္ဂလိက စာအုပ်အရောင်းဆိုင် ၄၈ဆိုင်တို့က ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ ဈေးနှုန်းသက်သာစွာဖြင့် ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။(သတင်းစဉ်)

# နိုင်ငံတော်အစိုးရ၏ စေတနာအမှန်ကိုသိမြင် တောတွင်း လက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်အတွင်း အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့် စေတနာအမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများသည် ၎င်းတို့၏ မှားယွင်းသောလုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့လိုက် လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၇ခုနှစ်၊ မေ၊ ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများအတွင်း တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အက်စ်အက်စ်အေ(ရှက်ဆစ်) တောတွင်းလက်နက်ကိုင်အဖွဲ့ ရင်း(၃၆၇)မှ တပ်သားရီရှဲသည် အမ်-၂၂ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ် လေးခု၊ ကျည်တောင့် ၁၂၀၊ လက်ပစ်ဗုံးတစ်လုံး၊ မိုင်းတစ်လုံးတို့ဖြင့်လည်းကောင်း။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အက်စ်အက်စ်အေ (ရှက်ဆစ်) တောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ (၇၅၇)မှ ဗျူဟာမှူးအဆင့်ရှိ တီမာ၊ တပ်ခွဲမှူးအဆင့်ရှိ အိုက်လိယ၊ အိုက်ကြီးန၊ အိုက်စွံ၊ တပ်သား စိုင်းစံထွန်း၊ အာလိုင်း၊ ကျင်တာ၊ အိုက်အွမ်၊ အိုက်စံနှင့် စံကျိုက်တို့သည် ကာဘိုင်နှစ်လက်၊ အမ်-၁၆ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ အမ်-၂၀ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ အမ်-၂၂ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ပစ္စတိုတစ်လက်၊ ခြောက်လုံးပြူး တစ်လက်၊ တစ်လုံးထိုး ပြောင်းရှည်တစ်လက်၊ စတင်းတစ်လက်၊ ကျည်မျိုးစုံ ၁၈၇ တောင့်၊ ဗုံးသီး နှစ်လုံး၊ အိုင်ကွန် လေးလုံး၊ ဆက်သွယ်ရေး အထိုင်စက် နှစ်လုံးနှင့် မိသားစုဝင် လေးဦးတို့ဖြင့်လည်းကောင်း၊ တပ်မဟာ (၇၅၉)မှ တပ်ကြပ်အဆင့်ရှိ အိုက်ခမ်းသည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ကျည် ၁၀တောင့်၊ အိုင်ကွန် တစ်လုံးတို့ဖြင့်လည်းကောင်း၊ ရလလဖခွဲထွက်မှ တပ်စုမှူးအဆင့်ရှိ စံမြင့်သည် အမ်-၂၂ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ကျည် ၁၀ တောင့်၊ အိုင်ကွန်တစ်လုံးတို့ဖြင့် လည်းကောင်း။

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၇)၊ ရင်း(၁၀၁)မှ တပ်သားရဲနိုင်သည် ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ကျည်ခုနစ်တောင့်၊ အိမ်ထောင်စုဝင် တစ်ဦးဖြင့် လည်းကောင်း။

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အေအယ်လ်ပီ တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်ကြပ်အဆင့်ရှိ ဦးလှထွန်း၊ ခိုင်အေးနိုင်၊ ဒုတိယတပ်ကြပ်အဆင့်ရှိ ခင်ညွှန့်တို့သည် တစ်လုံးထိုး ခါးချိုးသေနတ် တစ်လက်၊ ၎င်းကျည် ၁၀ တောင့်တို့ဖြင့်လည်းကောင်း၊ အင်န်ယူပီအေ တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား ကုလားချေသည် လည်းကောင်း။

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်ကိုင်အဖွဲ့ တပ်မဟာ(၂)၊ ရင်း(၅)မှ တပ်ကြပ်စောဝင်းဗိုလ်သည်လည်းကောင်း၊ တပ်မဟာ(၃)၊ ရင်း(၈)မှ တပ်သားထောင်ကဲသည် မိခိုသူတစ်ဦးဖြင့်လည်းကောင်း၊ ရန်သူ့အမာခံ စောစာရီသည် ရိုင်ဖယ်တစ်လက်၊ ကျည်အိမ် တစ်ခုတို့ဖြင့်လည်းကောင်း အသီးသီး လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

အဆိုပါလများအတွင်း လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသူ စုစုပေါင်း ၂၇ ဦးတို့အား သက်ဆိုင်ရာ တပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့ကြပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန် ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀-၁၂-၂၀၀၇ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာ ဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၁၀ ၇။ အတီးပြိုင်ပွဲ
- ၈း၁၅ ၈။ ရင်းငြိမ်ရေထိန်းတံခါး
- ၈း၂၅ ၉။ အကပြိုင်ပွဲ
- ၈း၃၀ ၁၀။ International News.
- ၈း၄၅ ၁၁။ Say It In English.
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၄၀ ၄။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၁၂း၁၀ ၅။ **မြန်မာရုပ်ရှင် "တိုက်ပွဲခေါ်သံ" (ညွှန့်ဝင်း၊ သီဟတင်စိုး၊ မင်းဦး၊ ဇော်လင်း၊ ဇင်မာဦး၊ ဆွေဇင်ထိုက်) (ဒါရိုက်တာ-မောင်တင်ဦး)**
- ၂း၁၅ ၆။ မြေကမ္ဘာသာယာစေဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစို့ (အပိုင်း-၂)
- ၂း၂၅ ၇။ မြစ်ရောအစနှင့် မြစ်ကျဉ်းများ၏ အလှ (အပိုင်း-၂)
- ၂း၄၅ ၈။ International News.
- ၃း၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)**
- ၄း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅း၀၀ ၅။ နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၁၅ ၆။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၇။ ညနေခင်းသတင်း
- ၆း၃၀ ၈။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၉။ သတင်းအချက်အလက်နှင့်နည်းပညာ နယ်လှည့်ဟောပြောပွဲ (IT Caravan 2007) အိုင်စီတီနည်းပညာဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ခြင်း
- ၆း၅၀ ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နေခြည်ဆမ်းမှ" (အပိုင်း-၂၀)(ဇာတ်သိမ်းပိုင်း)**
- ၇း၃၀ ၁၁။ အချုပ်အခြာအာဏာ ခွန်ရှည်ကြာ ခိုင်မာစေမှုဒို့ရေးရှု "ကျေးလက်ဒေသ ဖွံ့ဖြိုးဝေစည် လှပသည့် မြင်ကွင်းပန်းချီ"
- ၈း၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချိုမြိန်သော အချစ်နေ့" (အပိုင်း-၈)**
- ၁၆။ နောက်တစ်နေ့အစီအစဉ်
- ၁၇။ အစီအစဉ်ပြီး၏။

# မြန်မာ့ရုပ်ရှင်လောက နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရန် ရည်ရွယ် ရုပ်ရှင်အတတ်ပညာများ အသိပညာပေးနိုင်ရန် ဟောပြောပွဲကျင်းပ

သတင်းဆောင်းပါး-ဝင်းနိုင်(ကြေးမုံ)
ဓာတ်ပုံ-သန့်ဇင်ထွန်း(ကြေးမုံ)

**ရုပ်ရှင်အနုပညာသည် ဖျော်ဖြေရေးကဏ္ဍတွင် ပြည်သူနှင့် ထိတွေ့မှုအရှိဆုံးနှင့် နှစ်ခြိုက်စွဲမက်မှု အရှိဆုံး အနုပညာတစ်ရပ်ဖြစ်သည်။ ၂၀၀၇ခုနှစ်ဒီဇင်ဘာ၂၈ရက်သည် ကမ္ဘာ့ရုပ်ရှင်သက်တမ်း(၁၁၂)နှစ်မြောက် ကမ္ဘာ့ရုပ်ရှင်နေ့ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပသော ကမ္ဘာ့ရုပ်ရှင်နေ့ အထိမ်းအမှတ် ရုပ်ရှင်မွေးဖွားလာခြင်းအကြောင်း ဟောပြောပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကဘာလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် ရုပ်ရှင်ချစ်သူ၊ ရုပ်ရှင်လောကသားများအတွက် ဗဟုသုတတိုးပွားစေရေးနှင့် ရုပ်ရှင်အနုပညာ ပညာပြန့်ပွားစေရေးအတွက် ဟောပြောဆွေးနွေးပွဲများ အခါအားလျော်စွာ ကျင်းပရန် စီစဉ်နေချိန်တွင် အကြောင်းတိုက်ဆိုင်စွာပင် ကမ္ဘာပေါ်တွင် ရုပ်ရှင်နည်းပညာ စတင်ပေါ်ပေါက်လာသော ဒီဇင်ဘာ ၂၈ ရက် ကမ္ဘာ့ရုပ်ရှင်နေ့တွင် ရုပ်ရှင်မွေးဖွားလာခြင်းအကြောင်း ဟောပြောပွဲလုပ်နိုင်ရန် ဒါရိုက်တာ ဦးကြည်စိုးထွန်းက အကူအညီ တောင်းခံလာ၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ဝမ်းမြောက်ဝမ်းသာ ပံ့ပိုးပေးခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက ကြေးမုံသို့ ပြောကြားသည်။

> **[ရုပ်ရှင်ချစ်သူ၊ ရုပ်ရှင်လောကသားများ ဗဟုသုတ တိုးပွားစေရန် ပညာပေး ဆွေးနွေးပွဲများ အခါအားလျော်စွာ ကျင်းပသွားမည်။]**
> ဦးမြင့်သိန်းဖေ (မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌ)

**မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ အတွင်းရေးမှူး ဒါရိုက်တာ မလိခ စိုးထိုက်အောင်။**

**ရုပ်ရှင် မွေးဖွားလာခြင်းနှင့် ပတ်သက်၍ ဒါရိုက်တာ ဦးကြည်စိုးထွန်း ဟောပြောဆွေးနွေးစဉ်။**

ဆက်လက်၍ ဒါရိုက်တာဦးကြည်စိုးထွန်းအား ကမ္ဘာ့ရုပ်ရှင်နေ့ပေါ်ပေါက်လာပုံနှင့် ပတ်သက်၍ မေးမြန်းရာ ရုပ်ရှင်နှင့်ပတ်သက်သော လှုပ်ရှားမှုများကို နိုင်ငံအသီးသီးမှ လူမျိုးပေါင်းစုံက ကြံဆစိတ်ကူးပြီး ကလေးကစားစရာ တီထွင်မှုမှ စက်ပိုင်းဆိုင်ရာ တီထွင်ကြံဆမှုများအထိ လုပ်ဆောင်ခဲ့ကြရာ အရုပ်ပုံများကိုဖမ်းယူနိုင်သည့် ဓာတ်ပုံပညာ ပေါ်ပေါက်လာခဲ့သည်။ ထိုဓာတ်ပုံ ပုံရိပ်သေများကို လှုပ်ရှားလာအောင် ဆက်လက်ကြံဆတီထွင်ခဲ့ကြရာမှ ပြင်သစ်လူမျိုး လူမီးယားညီအစ်ကို Auguste နှင့် Louis တို့က ၁၈၉၅ခုနှစ် ဒီဇင်ဘာလ၂၈ရက်နေ့တွင် ပြင်သစ်နိုင်ငံ ပါရီမြို့ ကော်ဖီဆိုင်အောက်ထပ်လေးတွင် ကြည့်ရှုသူ ၃၅ ဦးဖြင့် ၂၆ မိနစ်ကြာပြသခဲ့ခြင်းမှအစပြု၍ ကမ္ဘာ့ရုပ်ရှင်နေ့အဖြစ် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်းဖြင့် ပြောပြသည်။

ဆက်လက်၍ ရုပ်ရှင်မွေးဖွားလာခြင်းအကြောင်း ဟောပြောပွဲနှင့်ပတ်သက်၍ ပြောကြားရာတွင် “မြန်မာ့ရုပ်ရှင်သမိုင်းအနေနဲ့ကြည့်ရင် မြန်မာနိုင်ငံမှာ ၁၉၂၀ပြည့်နှစ် အောက်တိုဘာလ ၁၃ ရက်နေ့မှာ ရုပ်ရှင်စပေါ်လာကြောင်း၊ ထိုနေ့ကို မြန်မာ့ရုပ်ရှင်နေ့အဖြစ် သတ်မှတ်ပြီး နှစ်စဉ်ရုပ်ရှင်သက်ကြီးပူဇော်ပွဲ ကျင်းပခဲ့ကြောင်း၊ ကမ္ဘာ့ရုပ်ရှင်နေ့နှင့် ပတ်သက်၍ ယနေ့ကျင်းပသော ကမ္ဘာ့ရုပ်ရှင်နေ့ အထိမ်းအမှတ် ဟောပြောပွဲသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ ဟောပြောပွဲတွင် ကမ္ဘာ့ရုပ်ရှင်စတင်ပေါ်ခဲ့သောအချိန်က ပြသခဲ့သော ဇာတ်ကားအချို့၏ ပြကွက်များကို ထုတ်နုတ်ပြသ၍ အနုပညာပိုင်း၊ တည်းဖြတ်မှုပိုင်းဆိုင်ရာများကို ဟောပြောဆွေးနွေးမည်ဖြစ်ကြောင်း၊ ရုပ်ရှင်အတတ်ပညာသည် နိုင်ငံတကာ၌ တွင်ကျယ်ကြီးထွားလျက်ရှိရာ မြန်မာ့ရုပ်ရှင်လောကအနေဖြင့် နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရန် ရည်ရွယ်၍ ရုပ်ရှင်အတတ်ပညာများကို အသိပညာပေး ဖြန့်ဝေသွားနိုင်ရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်း” ပြောကြားသွားသည်။

**မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံး ဇာတ်ညွှန်းအဖွဲ့ အမှုဆောင် ဒါရိုက်တာ အောင်စိုးဦး ဝမ်းသာကျေးဇူးတင်ကြောင်း ပြောကြားစဉ်။**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အတွင်းရေးမှူး ဒါရိုက်တာ မလိခစိုးထိုက်အောင်ကလည်း မိမိတို့ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ကမ္ဘာ့ရုပ်ရှင်နေ့ကို ပထမဆုံးအကြိမ် ကျင်းပနိုင်ခဲ့၍ ဝမ်းသာကြောင်း၊ မျှော်မှန်းထားသည်ထက် လာရောက်လေ့လာသူတွေ တွေ့ရ၍ ထူးခြားမှုရှိသောပွဲတစ်ပွဲဖြစ်ကြောင်း ပြောပြသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒု-ဥက္ကဋ္ဌ(၃)နှင့် ဇာတ်ညွှန်းအဖွဲ့ဥက္ကဋ္ဌ စာရေးဆရာ ချစ်ဦးညိုကလည်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ ကြီးမှူးမှုဖြင့် ဇာတ်ညွှန်းအလွှာအဖွဲ့၏ လှုပ်ရှားမှုတစ်ရပ်အနေဖြင့် ကမ္ဘာ့ရုပ်ရှင်နေ့ အထိမ်းအမှတ်ဟောပြောပွဲကို ဦးကြည်စိုးထွန်းက ကမကထပြု စီစဉ်သည့်အတွက် ဝမ်းသာကြောင်း၊ ရုပ်ရှင်အနုပညာရှင် ဖူးပွင့်သစ်များကလည်း ရုပ်ရှင်နှင့် ဆက်စပ်နေသော ရုပ်ရှင်နောက်ခံသမိုင်းကြောင်း၊ အဖြစ်သနစ်၊ ဇာစ်မြစ်၊ ဖြစ်ပေါ်တိုးတက်လာပုံများကို သိရှိထားဖို့ အလွန်အရေးကြီးကြောင်း၊ သို့မှသာ အနုပညာအရည်အသွေးတက်လာပြီး ကျေးဇူးတရားကို သိမြင်ကျေးဇူးဆပ်တတ်သော အနုပညာသမားကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ထို့ပြင် ဇာတ်ညွှန်းအဖွဲ့ အမှုဆောင် ဒါရိုက်တာ အောင်စိုးဦးကလည်း ရုပ်ရှင်အနုပညာရဲ့ နောက်ခံသမိုင်းကြောင်းကို လေ့လာတဲ့အခါမှာ စာကြောင်းတစ်ကြောင်း၊ ဓာတ်ပုံတစ်ပုံရရှိဖို့ ခက်ခက်ခဲခဲ ရှာဖွေခဲ့ရကြောင်း၊ အနုပညာသက်တမ်း ၄၀ အတွင်း ယခုဟောပြောပွဲမှာ ပြည့်ပြည့်စုံစုံ မှတ်တမ်းမှတ်ရာများနှင့် ကိုယ်တွေ့မျက်မြင် သိခွင့်ရတဲ့အတွက် ဝမ်းသာကျေးဇူးတင် ကြောင်း၊ ရုပ်ရှင်ကိုဖန်တီးပေးခဲ့သော ခေတ်အဆက်ဆက် ပညာရှင်များနှင့် ကြိုးစားအားထုတ်ခဲ့သော အနုပညာရှင်ကြီးများကိုလည်း လေးစားကျေးဇူးတင်မိကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော်အနေဖြင့် ကမ္ဘာနှင့်အဝန်း ကျယ်ပြန့်ကြီးထွားလာနေသော ရုပ်ရှင်အနုပညာနယ်ပယ်တွင် ရုပ်ရှင်ဝါသနာရှင် လူငယ်မျိုးဆက်သစ်များ ဝင်ဆံ့နိုင်စေရန် ရည်ရွယ်၍ ယဉ်ကျေးမှုတက္ကသိုလ်တွင် ရုပ်ရှင်အနုပညာနှင့် ပတ်သက်သည့် ဒါရိုက်တာဘာသာရပ်၊ ဇာတ်ညွှန်းဘာသာရပ်၊ သရုပ်ဆောင်ဘာသာရပ်၊ တည်းဖြတ်နှင့် ရုပ်ရှင်ကင်မရာဆိုင်ရာဘာသာရပ် ငါးမျိုးကို အထူးပြုဘာသာရပ်များအဖြစ် သင်ကြားပေးလျက်ရှိနေသည်။

ကမ္ဘာ့ရုပ်ရှင်နေ့ အထိမ်းအမှတ် ဟောပြောပွဲ အခမ်းအနားသို့ ယဉ်ကျေးမှုတက္ကသိုလ်မှ ရုပ်ရှင်အနုပညာဆိုင်ရာ ဘာသာရပ်များသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများ လာရောက်လေ့လာနားထောင်နေကြသည်ကို တွေ့ခဲ့ရာ ဒါရိုက်တာ အထူးပြုဘာသာရပ် ဒုတိယနှစ်ကျောင်းသား လွင်ကိုကိုဦးနှင့် ကျောင်းသူ စုစုသိုင်းဝင်းတို့က “ကမ္ဘာ့ရုပ်ရှင်ဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ ပြည့်ပြည့်စုံစုံ မြင်ရသိရ၍ ပညာရကြောင်း၊ ဤကဲ့သို့ ဟောပြောဆွေးနွေးပွဲများ မကြာခဏ ပြုလုပ်နိုင်လျှင် ပိုကောင်းမည်ဖြစ်ကြောင်း၊ ကျောင်းပြီးပါက အနုပညာလုပ်ငန်းနယ်ပယ်ထဲတွင် ကျင်လည်သွားမည်ဖြစ်ကြောင်း” ဖြင့် ပြောကြားသွားကြသည်။ ။

> **[အနုပညာရှင် ဖူးပွင့်သစ်များ ရုပ်ရှင်နောက်ခံ သမိုင်းကြောင်း ဇာစ်မြစ်များနှင့် ဖြစ်ပေါ်တိုးတက် လာပုံများကိုသိရှိ ထားရန် အလွန် အရေးကြီး။]**
> စာရေးဆရာ ချစ်ဦးညို(ဇာတ်ညွှန်းအဖွဲ့ဥက္ကဋ္ဌ)

(ကြေးမုံ)

## မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ အသိပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲနှင့် ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲတို့၏ အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၉ရက်က ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန လှည်းကူး ပညာရေးကောလိပ်အာစရိယခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့၏ လုပ်ငန်း ဆောင်ရွက်ချက်များနှင့် အသိပညာပေး ဟောပြောပွဲ ကျင်းပရခြင်း အကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ကျန်းမာရေး လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်သန်းဦးက “ကျောင်းသားများတွင် ကျန်းမာရေးနှင့် ညီညွတ်သော အလေ့အကျင့်ကောင်းများ ပေါ်ထွန်းရေးအတွက် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍ”၊ ပညာရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်တင်တင်ရှုက “ကလေးပျော်ကျောင်း”တို့ကို ဟောပြောပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အထက(၃) ကြည့်မြင်တိုင် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

အထက(၃)ကြည့်မြင်တိုင်(ဗှာကျုံးကျောင်း)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၈-ခုနှစ်၊ ဖေဖော်ဝါရီ၊ ၁၂-ရက် နံနက် ၉နာရီတွင် အဆိုပါကျောင်း စကားပြောခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။ ယမန်နှစ်အထိ ဖိတ်ကြားခြင်း ခံရသော ဆရာကြီး၊ ဆရာမကြီးများ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများလှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများ အနေဖြင့် ဦးမြင့်သန်း(Johnny Brothers) ဖုန်း-၀၉-၅၁၀၁၀၉၂၊ ဦးအောင်ကျော်ဦး(အောင်သရဖူ) ဖုန်း-၀၉-၅၀၁၄၂၆၄၊ ဦးချာလီမောင် (မင်္ဂလာဈေး) ဖုန်း-၀၉-၉၀၃၂၀၅၁၊ ဦးခင်မောင်လှ ဖုန်း-၀၉-၈၀၂၃၅၇၉၊ ဦးငွေဝင်း(MRTV) ဖုန်း-၀၉-၅၁၈၅၆၅၇၊ ဦးစိုးဝင်း (ဆန်နီ) (Johnny Brothers) ဖုန်း-၀၉-၅၁၃၂၀၃၆ နှင့် ဦးတင်ဝင်း (မြို့နယ်သတင်းထောက်)ဖုန်း-၀၉-၅၁၄၈၆၃၆ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

## မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ဒိုက်ဦးမြို့နယ်၊ အထက(ခွဲ) ကဒုတ်ကျေးရွာတွင် ပညာသင်ကြားခဲ့ကြသော တပည့်များက မြတ်ဆရာများကို စတုတ္ထအကြိမ်မြောက် ပူဇော်ပွဲကို ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈နာရီတွင် ကျောင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသူများသည် ဦးငွေလွင် (“ရွက်လှ”သစ်ရောင်းဝယ်ရေး) ဖုန်း-၀၁-၅၇၂၁၈၃၊ ဦးအောင်ကျော်မင်း (“ရွှေဥဒေါင်းမင်း”ပွဲရုံ) ဖုန်း-၀၉-၅၃၀၀၁၅၀ နှင့် ဦးမင်းသိန်း ကဒုတ်၊ ဘုရားကြီး ဖုန်း-ကဒုတ်-၁၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (၄၀၃)

ရေနံချောင်းမြို့ အမှတ်(၁) အထကတွင် ဆရာတော်အရှင်ဆန္ဒာဓိက မ,တည်လှူဒါန်းဆောက်လုပ်သော ရွှေပါရမီကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့မှ ဦးအောင်မြင့်–ဒေါ်သုခ၊ သား ကိုသိန်းမြင့် (အောင်သုခ၊ မြန်မာထမင်းဆိုင်) မိသားစုက လှူဒါန်းငွေ ကျပ်နှစ်သိန်းကို ကျောင်းဆောင်ဆောက်လုပ်ရေးကော်မတီ အတွင်းရေးမှူး ကပ္ပတိန် ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)


## မြဝတီမြို့ကျက်သရေဆောင် ရွှေဟောင်းသမိုင်းဝင်ဆံတော်ရှင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူခြင်းနှင့် သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံမည်

ကရင်ပြည်နယ်၊ မြဝတီမြို့၏ ကျက်သရေဆောင်ဖြစ်တော်မူသော ရွှေဟောင်းသမိုင်းဝင် ဆံတော်ရှင်ရွှေမြင်းဝန် စေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းနှင့် သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင် မွမ်းမံခြင်းလုပ်ငန်းကို ၂၁–၁၂–၂၀၀၇ ရက်မှ စတင်၍ ၃၁–၃–၂၀၀၈ ရက်တွင် အပြီးဆောင် ရွက်သွားမည်ဖြစ်သဖြင့် ရပ်ဝေးနေအလှူရှင်များမှ အောက်ပါအတိုင်း လှူဒါန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်–

| | |
|---|---|
| ရွှက်ရေ (၁၀၀)ပါရွှေဆိုင်း(၁)ဆိုင်းလျှင် | ၃၀၀၀၀ိ/–နှုန်း |
| ရွှေဆေးတစ်ပုံးလျှင် | ၈၅၀၀၀ိ/–နှုန်း |
| အောက်ခံဆေးတစ်ပုံးလျှင် | ၂၆၀၀၀ိ/–နှုန်း |

**ဆက်သွယ်လှူဒါန်းရန်**

**ရန်ကုန်** – **ဦးမောင်မောင်ငြိမ်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊ ဖုန်း–၂၉၅၂၉၁ (ရုံး)၊ ၀၅၂၅၅၈ (အိမ်)၊ ၀၉ ၅၁၀၁၆၃၅**

**မြဝတီ** – **ခရိုင်/မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**
– **ရွှေမြင်းဝန်ဂေါပကအဖွဲ့**



## နှစ်(၅၀)မြောက် (၁၉၅၇–၂၀၀၇)
## စစ်တောင်း စံပြကျေးရွာအထက်တန်းကျောင်း
## ရွှေရတုပွဲတော်
## နှင့်
## မြတ်ဆရာပူဇော်ပွဲ–ကျောင်းဆောင်သစ်များလွှဲပြောင်းပေးအပ်ပွဲ ကျင်းပမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ စစ်တောင်းစံပြကျေးရွာတွင် ၁၉၅၇ ခုနှစ်မှ စတင်ပြုစုပျိုးထောင်ခဲ့သော အမကမှသည် ၂၀၀၇ ခုနှစ် အထက်တန်းကျောင်းဆီသို့ နှစ်(၅၀)ပြည့်မြောက်သည်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား/ကျောင်းသူဟောင်းများ၏ **ရွှေရတုပွဲတော်ကြီး** နှင့် ယင်းကျောင်းတော်ကြီးတွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းတော်သူ/ကျောင်းတော်သားများ၏ **မြတ်ဆရာပူဇော်ပွဲ** နှင့် စေတနာရှင်များ စုပေါင်းဆောက်လုပ်လှူဒါန်းခဲ့သော **ကျောင်းဆောင်သစ်များ**၏ ဌာနဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားများကို ၄–၁–၂၀၀၈မှ ၇–၁–၂၀၀၈ ထိ (၄)ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပါဝင်လှူဒါန်းလိုသူများနှင့် ပျော်ရွှင်စွာလိုက်ပါဆင်နွှဲလိုသူများ အောက်ပါ ကျောင်းသား/ကျောင်းသူဟောင်းများထံ ၃၁–၁၂–၂၀၀၇ ရက်(တနင်္လာနေ့) နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရန်**

| | |
|---|---|
| ၁။ ဒေါ်အေးလေး | ၀၉၅၁–၉၅၄၁၅ |
| ၂။ ဦးဇော်မင်း(ခ)ဦးရှု့ဘိန်း | ၀၉၅၁–၄၁၄၇၁ |
| ၃။ ဦးသိန်းအောင်(ခ)ဦးဟူဆင် | ၀၁–၆၆၃၃၉၀ |
| ၄။ ဦးပီကြူး(ခ)ဦးလှအောင် | ၀၁–၂၄၀၆၁၆ |
| ၅။ ဓာတ်ပုံအဏ်ထော်ဏီ | ၀၉–၅၁၃၈၉၄၈ |
| ၆။ ဦးကြင်ထွန်း | ၀၉၈၀–၃၄၄၄၆၊ ၀၉၅၁–၄၄၅၄၄ |

(၁) လိုက်ပါလိုသူများ တစ်ဦးလျှင် ကားအသွားအပြန် စားစရိတ်ငြိမ်း တစ်ညအိပ်ခရီး။(၄၀၀၀)ကျပ်
(၂) ၄–၁–၂၀၀၈ညတွင် မြန်မာ့အသံ ဦးဝင်းတင်နှင့် စန္ဒရားခွန်တင်ကြွယ်တို့၏ တေးဂီတဖြင့် ဖျော်ဖြေပါမည်။
(၃) ဒါရိုက်တာ ဓာတ်ပုံအဏ်ထော်ဏီမှ ၅–၁–၂၀၀၈မှ ၇–၁–၂၀၀၈ထိ (၃)ညတိုင်တိုင် ရုပ်ရှင်မိုးအလင်း ပြသပေးပါမည်။
(၄) ၄–၁–၂၀၀၈ရက် မွန်းလွဲ ၁ နာရီတိတိတွင် အောင်ဆန်းအားကစားကွင်း(ဘူတာကြီးရှေ့) တောင်ဘက်ဝင်ပေါက်အနီးမှ မော်တော်ယာဉ်များ ထွက်ခွာပါမည်။



# ပြည့်ဝ
## အလျူမီနီယံနှင့်မှန်အမျိုးမျိုး

– အသင့်ခင်းပါကေး (Laminated Floor) အမျိုးမျိုးရနိုင်ပါသည်။
– အဆင့်မြင့် Ready made တံခါးအမျိုးမျိုး၊
– Stainless Steel တံခါးအမျိုးမျိုးနှင့် ကြေးတံခါးအမျိုးမျိုးရနိုင်ပါသည်။
– ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ အိမ်အလှဆင်လုပ်ငန်းရှင်များ၊ တစ်ဆင့်ပြန်လည်ရောင်းချသူများ ဆက်သွယ်ပါ။ အကောင်းဆုံးအရည်အသွေးနှင့် အသက်သာဆုံးဈေးနှုန်းနှင့် ရနိုင်ပါသည်။

**အမှတ်(၂၈၅)၊အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမီးပွိုင့်အနီး၊ အလုံမြို့နယ်၊**
**ဖုန်း–၀၁–၂၁၅၇၈၇၊၀၁–၇၀၁၀၂၉(ဈေးနှုန်းစုံစမ်းနိုင်ပါသည်။)**



## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟဲဟိုးမြို့နေ ဦးသိန်းလှ–ဒေါ်ကြည်တို့၏သား
**ဗိုလ်ကြီးစိန်မင်း**
B.Sc (DSA), M.Tech (Applied Maths) MATI
**လက်ထောက်ကထိက၊ စစ်တက္ကသိုလ်**

နှင့်

ရန်ကုန်မြို့နေ ဦးကျော်ဦး–ဒေါ်တင်မျိုးအေးတို့၏ သမီးကြီး
**မရှင်းသန့်ဖြူစင်**
B.A(English) B.Sc(Hons;) (Computing & Information System)
(Metropolitan University, London)

တို့သည် ၂၆–၁၂–၂၀၀၇ ရက်နေ့တွင် နှစ်ဖက်သောမိဘများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့် ဗိုလ်ကြီးစိန်မင်း–မရှင်းသန့်ဖြူစင်**



## လက်ထပ်ထိမ်းမြားပြီးစီးခြင်း

နမ့်စန်မြို့၊ အောင်တော်မူလမ်း၊ အမှတ်(၃/၁၄၉)နေ
ဦးနိုင်လင်း–ဒေါ်တင်မြတို့၏ သားကြီး
**မောင်မျိုးနိုင်ဦး**
B.Sc (Hons) M.Sc, M.Res.(Industrial Chemistry)
(Yangon University) (ခေတ္တစင်ကာပူ)

နှင့်

ဟင်္သာတမြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၁)နေ
ဦးလှမြင့်–ဒေါ်မြင့်မြင့်တို့၏ သမီး
**မဥမ္မာ**
B.Sc (Hons), M.Sc, M.Res.(Industrial Chemistry)
(Yangon University)
M.Sc (Environmental Engineering)
(National University of Singapore) (ခေတ္တစင်ကာပူ)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ စင်ကာပူနိုင်ငံ (Registry of Marriages) တွင် လက်မှတ်ရေးထိုးထိမ်းမြားပြီးဖြစ်ပါ၍ ၁၉–၁၂–၂၀၀၇ (ဗုဒ္ဓဟူးနေ့)တွင် ဟင်္သာတမြို့၊ မြစ်ကွေ့ ပရိယတ္တိစာသင်တိုက်တွင် မင်္ဂလာဦးဆွမ်းကျွေး ကျင်းပပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်မျိုးနိုင်ဦး–မဥမ္မာ**


ကြေးမုံ The Mirror

# ထူးခြားဖြစ်စဉ် သတင်းများ

## ယာဉ်တိုက်မှုစစ်ဆေးရာမှ မူးယစ်ဆေးဝါးသုံးစွဲမှုပေါ်ပေါက်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန် အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် နယ်မြေ(၄) ယာဉ်မှုစစ်နယ်မြေတွင် ကျိုက္ကစံဘုရားလမ်း၌ ဒီဇင်ဘာ ၁၀ ရက် ည ၉ နာရီ ၁၀ မိနစ်တွင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်ဟု သိရသည်။

ဖြစ်ပွားပုံမှာ သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဘုရားလမ်းအတိုင်း မြောက်ဘက်မှ တောင်ဘက်သို့ ယာဉ်မောင်းသူရိန်ထက် မောင်းနှင်လာသော ဆီဒင်အစိမ်းရောင်အငှားယာဉ်သည် စံပြဆေးရုံ ဝင်ပေါက်အလွန်အရောက် ရပ်ထားသောဆလွန်းအငှားယာဉ်ကို နောက်မှဝင်တိုက်မိ၍ ယာဉ်မောင်းသူရိန်ထက်အား (ပ) ၈၈၆/၀၇ ပြစ်မှုပုဒ်မ ၂၇၉ အရ အမှုဖွင့်အရေးယူထားသည်။

ဒုရဲအုပ်ဝင်းနိုင်စိုးက အမှုစစ်အဖြစ် ယာဉ်တိုက်မှုစစ်ဆေးစဉ်တွင် ယာဉ်မောင်းသူရိန်ထက်သည် မူးယစ်ဆေးဝါးသုံးစွဲထားကြောင်း မသင်္ကာဖွယ်တွေ့ရှိသဖြင့် ၎င်းအားရှာဖွေစစ်ဆေးရာ ဆေးထိုးအပ်ပိုက်အတွင်းတွင် ဆေးရည်တွေ့ရှိခဲ့သဖြင့် သဃ်န်းကျွန်း ရဲစခန်းမှ မယ(ပ)၂/၀၇၊ မယ ၁၅/၁၆ (ဂ)ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၆)

## တမူးမြို့နှင့် ရန်ကုန်မြို့တို့၌ မီးလောင်မှုများဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်း တမူးမြို့ နယ်မြေ(၆) ဈေးတန်းရပ်ကွက်၌ ဒီဇင်ဘာ ၂၇ ရက် ည ၈ နာရီ ၃ မိနစ်တွင် နေအိမ် မီးဖိုမီးကြွင်းမီးကျန်မှစတင်၍ မီးလောင်မှုကြောင့် အိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် (၇)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် လိပ်ကန်လမ်းထောင့်ရှိ ပန်းခြံဝင်းအတွင်း စားသောက်ဆိုင်၌ ယနေ့ နံနက် ၀၀း၄၀ နာရီတွင် မီးအားမြင့်စက်ဖွင့်ထားရာမှ အပူရှိန်လွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။ (သတင်းစဉ်)

## တောင်ကြီးနှင့် ဒဂုံမြို့သစ် ( မြောက်ပိုင်း )တွင် မီးလောင်မှုများဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၂၉**

တောင်ကြီးမြို့၊ အေးသာယာ၊ အမှတ် (၆)ရပ်ကွက်၌ ဒီဇင်ဘာ ၂၅ ရက် နံနက် ၅နာရီခွဲက သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း နှစ်ထပ်နေအိမ်တွင် လျှပ်စစ်မီးဖိုမီး အပူလွန်ကဲရာမှ မီးလောင်မှုကြောင့် အိမ်တစ်လုံးမီးလောင်ဆုံးရှုံးပြီး အိမ်ထောင်စုတစ်စုမှ အမျိုးသားသုံးဦး၊ အမျိုးသမီးသုံးဦး ပေါင်းခြောက်ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။

ထို့အတူ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၀)ရပ်ကွက်၊ ပင်လုံလမ်းနှင့် မောင်းမကန်လမ်းကြား၊ မြင်းစီးကွင်းအတွင်း၌ ဒီဇင်ဘာ ၂၆ ရက် နံနက် ၇ နာရီတွင် ဓနိမိုး၊ ထရံကာ၊ ဝါးခင်းနေအိမ် မီးဖိုမီးကြွင်းမီးကျန်မှ စတင်၍ မီးလောင်မှုကြောင့် တဲအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

## နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတုအခမ်းအနားကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ဘွား ဒေါ်ဦးဖွန်း တည်ထောင်ခဲ့သည့် နှင်းဆီကုန်းဘိုးဘွားရိပ်သာသည် ၂၀၀၈ခုနှစ်တွင် (၇၅)နှစ်ပြည့် စိန်ရတုသို့ ရောက်ရှိပြီဖြစ်သည်။ ၂၀၀၈ခုနှစ် တစ်နှစ်လုံးတွင် စိန်ရတု အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပသွားမည်ဖြစ်ရာ ဇန်နဝါရီ ၁ ရက် နံနက် ၅ နာရီခွဲတွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာ ပဏ္ဍိတ (ယော)ဆရာတော် အရှင် သိရိန္ဒာဘိဝံသ အမှူးပြုသော မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်မှ သံဃာတော် အရှင်သူမြတ် ၇၅ပါးတို့အား အရဏ်ဆွမ်းလှူခြင်း၊ ပရိက္ခရာ ရှစ်ပါးအပါအဝင် လှူဖွယ် ပစ္စည်းများ ဆက်ကပ်မည်ဖြစ်သည်။

ဇန်နဝါရီ ၁ ရက်မှ ၁၀ ရက်အထိ နေ့စဉ်မွန်းလွဲ ၂ နာရီတွင် ရိပ်သာဓမ္မာရုံ ခန်းမကြီး၌ စိန်ရတုနှစ် တရားပွဲများ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁ ရက်တွင် ညောင်တုန်း ပါဠိတက္ကသိုလ်ကျောင်းတိုက်မှ နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီး ဘဒ္ဒန္တသောဘဏ၊ ၂ ရက်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင် ရန်အောင်ချမ်းသာ ဆရာတော်ကြီး ဘဒ္ဒန္တသောမဗုဒ္ဓိ၊ ၃ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ အောင်မြေဗိမာန်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တဓမ္မိဿရ၊ ၄ ရက်တွင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ၊ ၅ ရက်တွင် တိပိဋက ကျောင်းတော် တိပိဋကဓရဆရာတော် ဘဒ္ဒန္တဉာဏ္ဍစရိယတို့က ဟောကြားမည်ဖြစ်သည်။ ဆက်လက်၍ ၆ရက်တွင် သဃ်န်းကျွန်းမြို့နယ် ဒက္ခိဏာရုံကျောင်း ဆရာတော် ဘဒ္ဒန္တဥတ္တမ၊ ၇ရက်တွင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဒီဃနိကာယ ကောဝိဒ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တအင်္ဂိသ၊ ၈ ရက်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဝါယာ မိန္ဒာဘိဝံသ၊ ၉ရက်တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဒွိပိဋကကောဝိဒ ကလေးဝတောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ၊ ၁၀ ရက်တွင် တောင်ဒဂုံမြို့နယ် ပိဋကသုံးပုံ နိကာယ်စာသင်တိုက်၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသတို့က တရားတော်များကို ဟောကြားတော်မူမည်ဖြစ်သည်။ (ကြေးမုံ)

# ပြည်သူ့ဆန္ဒ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်
★ အေးချမ်းမှုကို လိုလားသည်
★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန မီးဘေးကာကွယ်ရေး လေ့ကျင့် ပညာပေး သရုပ်ပြသမှုကို ကြည့်ရှုအားပေးစဉ်။ (ရထား)

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန မီးဘေးကာကွယ်ရေး လေ့ကျင့်ပညာပေးသရုပ်ပြပွဲ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၂၉

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန မီးဘေးကာကွယ်ရေး လေ့ကျင့်ပညာပေးသရုပ်ပြပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ယာဉ်ရပ်နားကွင်း၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။**

အစီအစဉ်အရ နေပြည်တော် မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော်ဦးစီး၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြသကြသည်။

ဆက်လက်၍ အစည်းအဝေးခန်းမ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော် မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော်က မီးဘေးကြိုတင်ကာကွယ်ရန် လိုက်နာရမည့်အချက်များ၊ ကြိုတင်စစ်ဆေးရမည့်အချက်များ၊ မီးဘေးအန္တရာယ်ပေါ်ပေါက်လာပါက ရရာပစ္စည်းများဖြင့်အသုံးပြု မီးငြိမ်းမှု၊ မီးချိတ်၊ မီးကတ်၊ မီးသတ်ဆေးဘူး၊ သဲတို့ကို အသုံးပြု၍ မီးငြိမ်းသတ်ပုံ၊ မီးသတ်ဆေးဘူး အမျိုးမျိုးတို့၏ အာနိသင်နှင့် ထိရောက်စွာ အသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### သာသာယာယာ

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။**


ကြေးမုံ The Mirror

### သတင်းဆောင်းပါးအညွှန်း

**မြန်မာ့စဉ့်ထည်ပစ္စည်းများ ကမ္ဘာ့ဈေးကွက် ဝင်လာရေး အထောက်အကူပြုမည့် ပထမဆုံးသော စဉ့်လုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း တွံတေးတွင် ဖွင့်လှစ်။**

တင်ဝင်းလေး(ကြည့်မြင်တိုင်)၏
(သတင်းဆောင်းပါး) စာမျက်နှာ-၃


★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC
★ RFA VOA BBC အဖျက်သမားများ သတိထား
★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား